# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၃-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်မဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၃ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်ရှင့်။ ၎င်းတို့ကတော့-

(၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၃ ရက်၊

(၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၄) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၆) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၃ ရက်၊

(၇) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁၃ ရက်၊

(၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်နှင့်

(၁၀) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင့်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၃ ဦး ဖြစ်ပါတယ်ရှင့်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက် ဈေးဟောင်းအနီးရှိ ဥသြဘာသခန်းမကြီး ပြိုကျပျက်စီးခဲ့ပါသဖြင့် ခန်းမအဟောင်းနေရာတွင် ခရိုင်မြို့ကြီး၏ အင်္ဂါရပ်နှင့်ညီမျှသော ခန်းမအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဈေးဟောင်းအနီးရှိ ဦးဥသြဘာသခန်းမကြီး ပြိုကျပျက်စီးမှုနှင့် ပတ်သက်ပြီး ခရိုင်မြို့ကြီးအင်္ဂါရပ်နှင့်ညီမျှတဲ့ ခန်းမအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဈေးဟောင်းအနီးရှိ ဦးဥသြဘာသခန်းမကြီးဟာ အလျား ၁၄၀၊ အနံ ၃၁ ပေခန့်ရှိပြီး ၁၉၉၅ ခုနှစ်မှစတင်၍ ဆရာတော်ဦးဥသြဘာသအား ဂုဏ်ပြုသောအားဖြင့် ခန်းမကြီးအဖြစ် စတင်အသုံးပြုခဲ့ပါတယ်။ ၎င်းခန်းမကြီးဟာ တဖြည်းဖြည်းပျက်စီးယိုယွင်းလာပြီး ၂၉-၆-၂၀၁၄ ရက်နေ့ ညပိုင်းမှာ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းဘူးမြို့ဟာ ခရိုင်မြို့ကြီးတစ်မြို့ဖြစ်ပြီး ဆရာတော်ဦးဥသြဘာသသည်လည်း စာပေလောကတွင် ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်မြို့ကြီးအင်္ဂါရပ်နှင့် ညီမျှသော မြို့တော်ခန်းမရှိရန် လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့်လည်း ယခင်နှစ်ကဆိုရင် ကော်မတီသုံးခုပါဝင်သော မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့မှ မြို့တော်ခန်းမအသစ်တည်ဆောက်ရန်အတွက် စီစဉ်ဆောင်ရွက်တဲ့အခါမှာ မြေနေရာအသစ်ရှာဖွေခြင်း၊ မူလမြေနေရာဟာ ဧရာဝတီမြစ်ရေတက်လာပါက ရေလွှမ်းမိုးတဲ့အတွက် မြေနေရာအသစ်ရှာဖွေခြင်းနှင့်

**မူကြမ်း**

မြေပုံကြမ်းများရေးဆွဲ၍ ကုန်ကျစရိတ်များ တွက်ချက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ကုန်ကျစရိတ် တွက်ချက်တဲ့အခါမှာ မင်းဘူးမြို့စည်ပင်သာယာရေးအဖွဲ့ရဲ့ ငွေလုံးငွေရင်းကုန်ကျစရိတ်နှင့် ဆောင်ရွက်မယ်ဆိုလျှင် မဖြစ်နိုင်တဲ့အနေအထား ကြုံတွေ့နေရပါတယ်။ ကုန်ကျငွေအနေအထားဟာ ကျပ်သန်းပေါင်း ၆၀၀ ခန့် ကုန်ကျမှာဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့်လည်း မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရဲ့ ငွေလုံးငွေရင်းနှင့် လျာထားဆောင်ရွက်ရန် မဖြစ်တဲ့အနေအထားဖြစ်နေတဲ့အတွက် ပြည်ထောင်စုမှ ဘတ်ဂျက်ချထားပေးမှသာလျှင် ဆောင်ရွက်လို့ရမယ့်အနေအထားဖြစ်နေကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်မြို့ကြီးဖြစ်တဲ့ မင်းဘူးမြို့အတွက် ဆရာတော်ဦးဥညိဘာသအား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ အမှန်တကယ်လိုအပ်နေတဲ့ ခရိုင်မြို့ရဲ့အင်္ဂါရပ်နှင့်ညီမျှတဲ့ ခန်းမကြီးအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက မည်သည့်အတွက် ကြောင့် မရှိသေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်ခုနှစ်၊ မည်သည့်အချိန်မှစ၍ စီစဉ်ဆောင်ရွက် ပေးသွားမည်ဆိုတဲ့အကြောင်း ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်ခန်းမအဖြစ် အသုံးပြုခဲ့တဲ့ ဦးဥညိဘာသခန်းမဟာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှာ မိုးသည်းထန်စွာရွာသွန်းပြီး သစ်ပင်လဲ့ကျတဲ့အတွက် ပြိုကျပျက်စီး ခဲ့ပါတယ်။ ခန်းမကြီးတည်ရှိတဲ့နေရာဟာ မင်းဘူးမြို့နယ်၊ မြို့အတွင်းမှာ ရှိပြီးတော့ မြစ်ရေတက်ပါက လည်း ရေနစ်မြုပ်နိုင်တဲ့နေရာဖြစ်ကြောင်းလည်း ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးပြောကြားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မင်းဘူး-စကုလမ်းပေါ်မှာရှိတဲ့ အမှတ်(၁)ရပ်ကွက်၊ မြေကွက်အမှတ် (M71/ခ)(77/ခ)၊ မြေဧရိယာ ၃.၁၂၉ ဧကမှာရှိတဲ့ မြေလွတ်နေရာမှာ သွားလာရလွယ်ကူပြီး

ပိုမိုကျယ်ဝန်းတဲ့အတွက် မြို့တော်ခန်းမသစ်ဆောက်လုပ်ရန်အတွက်လည်း မြေနေရာလျာထားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာ ကော်မတီများရဲ့ ဆုံးဖြတ်ချက်အရ ၎င်းနေရာမှာ ခန်းမသစ်တည်ဆောက်နိုင်ရေးအတွက်ကို အစည်းအဝေးသဘောတူညီခဲ့ပြီး သက်ဆိုင်ရာခရိုင်မှ တစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ထားရှိကြောင်း သိရှိရပါတယ်။ ဒီလိုတင်ပြဆောင်ရွက်ခဲ့မှုကြောင့် အဆိုပါနေရာနှင့်ပတ်သက်ပြီး မြေယာစိစစ်တဲ့အခါမှာ ၎င်းနေရာဟာ မင်းဘူးမြို့နယ်စိုက်ပျိုးရေးရုံးအမည်ပေါက် မြေဧရိယာအတွင်းမှာရှိပြီး အဆောက်အအုံ ဆောက်လုပ်ထားခြင်းမရှိသေးတဲ့အတွက်၊ မြေလွတ်ဖြစ်တဲ့အတွက် မြေရာဇဝင်နှင့် မြေကွင်းဆင်း စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရလည်း သိရှိရပါတယ်။ မင်းဘူးမြို့ဟာ ခရိုင်မြို့ဖြစ်တာနဲ့အညီ ခန်းမတစ်ခုတည်ဆောက်မယ်ဆိုပါက အနည်းဆုံး မြို့ပေါ်အင်္ဂါရပ်နှင့်ညီတဲ့ ခန်းမတစ်ခုလိုအပ်မှာဖြစ်ကြောင်း၊ တည်ဆောက်မယ်ဆိုရင် ခန်းမရဲ့အလျား ၁၆၂ ပေနှင့် အနံ ၇၂ ပေကျယ်ဝန်းတဲ့ ခန်းမအသစ်တစ်ခုကို ဆောက်လုပ်နိုင်ဖို့ကိုလည်း ကြိုတင်တွက်ချက်ထားရှိခဲ့ပါတယ်။ ဒီလိုတွက်ချက်မှုအရ ခန့်မှန်းကုန်ကျငွေ ကျပ် ၄၀၈.၂၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း သက်ဆိုင်ရာစည်ပင်သာယာနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရတို့ရဲ့ တွက်ချက်လျာထားချက်အရ သိရှိရပါတယ်။ သို့ရာတွင် မင်းဘူးခရိုင်နှင့် စကုမြို့နယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေအရလည်း သက်ဆိုင်ရာမြို့နယ်ရဲ့ လမ်းတံတား၊ ရေပေးဝေရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဦးစားပေးဆောင်ရွက်နေရတဲ့အတွက် ရန်ပုံငွေလုံလောက်မှုမရှိသေးခြင်း၊ တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း လတ်တလော စီစဉ်ဆောင်ရွက်ပေးရန်မရှိသေးတဲ့အတွက်ကြောင့် မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်အရ ခန်းမသစ်ဆောက်လုပ်ရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်။ ဖြေကြားသွားတဲ့အခါမှာ မင်းဘူးမြို့ဟာ ခရိုင်မြို့ကြီးဖြစ်သည်နှင့်အညီ ခရိုင်မြို့၏အင်္ဂါရပ်နှင့်ညီမျှသော ခန်းမကြီးတစ်ခု လိုအပ်တယ်ဆိုတာလည်း သိရှိဖြေကြားသွားတဲ့အတွက်လည်း သိရှိရပါတယ်။ ဒီလို တွက်ချက်ပြီးတော့ ဆောင်ရွက်နေမှုအနေအထားကိုလည်း ဒေသခံပြည်သူများရဲ့ကိုယ်စား များစွာဝမ်းသာပီတိ ဖြစ်မိပါတယ်။ သို့သော်လည်းပဲ ဆောင်ရွက်ရမယ့်အနေအထားဖြစ်တဲ့အတွက် အခုလောလောဆယ်အနေအထားမှာ

**မူကြမ်း**

ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်မရှိသေးသော်လည်းပဲ မည်သည့်ခုနှစ်၊ မည်သည့်အချိန်မှစပြီးတော့ ဆောင်ရွက်ပေးသွားမည်ဆိုတဲ့အကြောင်းကို ဒေသခံပြည်သူများရဲ့ကိုယ်စား သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခန်းမကြီးတည်ဆောက်မှုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာ ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီခန်းမကြီးနှင့်ပတ်သက်ပြီး ဆောက်လုပ်နိုင်မယ့်အခြေအနေကို ကျွန်တော်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုလည်း တိုက်ရိုက်ဆက်သွယ်ပြီး မေးမြန်းဆောင်ရွက်ခဲ့ပါတယ်။ သူတို့အနေနဲ့ကတော့ တခြားသော လုပ်ငန်းတွေဆောင်ရွက်နေတဲ့အတွက် ဒီအတွက်ကို လတ်တလောလျာထားဆောင်ရွက်နိုင်မှု မရှိသေး ကြောင်းလည်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒါနှင့်ပတ်သက်လို့လည်း သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရ အတွင်းရေးမှူးနဲ့လည်း ကျွန်တော် မနေ့ကအထိ နောက်ဆုံးအခြေအနေမေးပါတယ်။ ဆောက်လုပ်နိုင်မယ့်အစီအစဉ်။ သူတို့က လျာထားချက်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်းပဲ ပြန်လည်ဖြေကြားတဲ့အတွက် တိုင်းဒေသကြီးအစိုးရရဲ့ ဖြေကြားချက်အတိုင်းပဲ လတ်တလော ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးကြောင်း ပြန်လည်ထပ်ဆင့်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ခယက၊ မယက၊ ပြည်ခိုင်ဖြိုးအမည်များဖြင့် အသီးသီးရယူထားသော မြေပုံမြို့နယ်၊ ချောင်းကြီးကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၆၄) သိုင်းဗျိုက်ကွင်း မြေဧက(၂၀)မှ ဘိုးဘွားပိုင်မြေဟု တိုင်ကြားခဲ့သည့် မြေ(၃.၁၆) ဧကကို လယ်ယာမြေပုံစံ(၇) ထုတ်ပေးခဲ့ပြီး ကျန်မြေ (၁၆.၈၄)ဧကအား ဒေသခံများအကျိုး အတွက် အသုံးပြုခွင့်ရရှိနိုင်အောင် မည်သို့လုပ်ဆောင်ရမည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော် တင်ပြမေးမြန်းမယ့်မြေကွက်ကတော့ ရန်ကုန်-စစ်တွေအဝေးပြေးလမ်းမဘေးမှာ တည်ရှိပါတယ်။

**မူကြမ်း**

အတိအကျပြောရမယ်ဆိုရင် မင်းပြားနှင့် အမ်းလမ်းအပိုင်း၊ မိုင်တိုင်အမှတ်(၉၃)မှာ တည်ရှိပါတယ်။ အဲဒီနေရာဟာ ကျွန်တော်တို့မြေပုံမြို့နှင့်လည်း မိုင် ၂၀ ခန့် ကွာဝေးပါတယ်။ ဧကအားဖြင့် ၂၀ ရှိပါတယ်။ ဒီမြေဟာ အရင်တုန်းက ဒုတိယကမ္ဘာစစ်အတွင်းက ရွာပျက်ပြီးတော့ ရွာပျက်မြေအဖြစ် တည်ရှိခဲ့ပါတယ်။ မြေစာရင်းဦးစီးဌာနမှာတော့ ဒီမြေကို လယ်လပ်မြေအဖြစ် ဖော်ပြထားပါတယ်။ အဲဒီမြေကို တပ်မတော်အစိုးရလက်ထက်မှာ ကြက်ဆူပင်စိုက်မယ်ဆိုပြီးတော့ အဲဒါတွေကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရယ်၊ နောက်ပြီးတော့ ခယက၊ မယက ခွဲတမ်းကြ လုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့အထိလည်း ကြက်ဆူပင်တစ်ပင်မှ မရှိပါဘူး။ ဘာအပင်မှလည်း မရှိပါဘူး။ မြေကိုလည်း ရယူထားဆဲဖြစ်ပါတယ်။ သူတို့မှာလည်း ကျွန်တော်စုံစမ်း သလောက် အထောက်အထားဆိုတာလည်း ပိုင်ပိုင်နိုင်နိုင်မရှိပါဘူး။ အဲဒီမြေကို ဦးမောင်ကြီးဆိုတဲ့ သူက အဲဒီမြေထဲမှာ သူ့ဘိုးဘွားပိုင်နက်မြေ ၃.၁၆ ဧက ပါတယ်လို့ လယ်ယာမြေစုံစမ်းရေးကော်မရှင်ကို တင်ပြခဲ့ပါတယ်။ လယ်ယာမြေစုံစမ်းရေးကော်မရှင်က ပြည်နယ်အစိုးရကိုလွှဲတဲ့အခါမှာ နောက်ဆုံးရလဒ်ကတော့ အဲဒီမြေ ၃.၁၆ ဧကကို ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၀.၅၆ ဧက၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၁.၂၀ ဧက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၁.၄၀ ဧက အဲဒီလို ပုံစံ(၇)အသီးသီး ထုတ်ပေးခဲ့ခြင်းပဲ အဖြေရပါတယ်ခင်ဗျား။ ဒါဟာ ရိုးသားတဲ့လက္ခဏာ မဟုတ်ဘူးလို့မြင်ပါတယ်။ ကျန်မြေဖြစ်တဲ့ ၁၆.၈၄ ဧကကိုလည်း ဆက်လက် သိမ်းထားပါတယ်။ အဲဒီတော့ ဒီမြေဟာ ကျွန်တော်တို့ ဒေသခံတွေကတော့ စားကျက်မြေအဖြစ် သုံးလိုကြပါတယ်။ ဒီမြေအတွက် ကျွန်တော်တို့ဒေသခံတွေလိုလားတာကတော့ အများ အကျိုးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ သုံးချင်ကြပါတယ်။ ဥပမာ-ကချင်ပြည်နယ်ကလာတဲ့ ဒုက္ခသည်တွေကို နေရာချထားပေးခြင်း၊ အဲဒီမှာ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာတော်ဦးစိန်သာရဲ့ ပန်းခြံဆောက်လိုခြင်း၊ တိုက်နယ်ဆေးရုံဆောက်လိုခြင်း အဲဒီလို ပြည်သူအများအကျိုးအတွက် သုံးချင်ကြတဲ့အတွက် ဒီလိုသိမ်းဆည်းထားမှုအပေါ်မှာ မကျေနပ်ပါဘူး။ အဲဒီသိမ်းဆည်းထား ပြီးတော့ ဘာလုပ်ကြလဲဆိုတော့ မြေကွက်တွေရိုက်တယ်။ တိုးချဲ့အိမ်ရာတွေဖြစ်လာတယ်။ မြေကွက်တွေ ရောင်းပြီး ရောင်းစားတယ်။ အဲဒီအဆင့်အထိ ရောက်လာပါတယ်။ အဲဒါကို လွှတ်တော်က ပုဂ္ဂိုလ်များအားလုံး နားလည်နိုင်အောင် Power Point နဲ့ ကျွန်တော်ပြပါမယ်။ အဲဒီမြေကွက်ပါ ခင်ဗျား။ မြေပုံ-မင်းပြား-အမ်း သုံးလမ်းဆုံမှာ တည်ရှိတဲ့ တကယ့်မြေကွက်ကောင်း ဖြစ်ပါတယ်။ ခယက မြေပုံအရ သိမ်းမြေက ၁၀ ဧက ဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၅

ဧက၊ မယက က ၅ ဧက ဖြစ်ပါတယ်။ အဲဒီမှာ ဟိုဘက်က ကောင်းကင်မြေပုံက ပြထားတာကတော့ တိုးချဲ့ပြီးတော့ အိမ်ခြေကျူးကျော်ပြီးတော့ ဆောက်လုပ်လာတယ်။ ဒီဘက်က ဆောက်လုပ်ရေးဝန်ထမ်း တစ်ဦးကလည်း ဝန်းခြံခတ်ထားတဲ့ မြေဖြစ်ပါတယ်။ အဲဒီလမ်းမဘေးမှာ မိုင်တိုင်အမှတ်(၉၃)မှာ တည်ရှိတဲ့ ဘေးက ကပ်လျက်မြေဖြစ်ပါတယ်။ အဲဒီလိုပဲ အစကတည်းက အရိုင်းမြေအနေပဲရှိပြီးတော့ သဘာဝ ဘယ်သူမှမစိုက်တဲ့ ဒီလိုစားကျက်မြေအဖြစ် ရွာသားတွေ အစဉ်အဆက်သုံးလာတဲ့မြေပါ။ အခုထက် ထိလည်း ဘာမှမရှိပါဘူး။ အဲဒီလိုပဲ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးက ဝန်းခြံခတ်ပြီးတော့ ယူထားပါ တယ်။ ဘယ်လိုအဆက်အသွယ်နဲ့ ယူထားတယ်ဆိုတာ မသိပါဘူး။ ဒီလိုတိုးချဲ့ပြီးတော့လည်း အကွက်ရိုက်ပြီးတော့ ရောင်းစားတာတွေလည်း တွေ့လာနေရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဒီမြေနဲ့ပတ်သက်ပြီးတော့ ဒေသခံတွေရဲ့အကျိုးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမြေကို ပြန်ရနိုင်ရေးအတွက် သက်ဆိုင်ရာက ညှိနှိုင်း ပေးနိုင်ရန်အတွက် မေးမြန်းခြင်းလည်းဖြစ်ပါတယ်။ မေးခွန်း(၁) ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၄)၊ သိုင်းဖျိုက်ကွင်းမြေဧက ၂၀ ၊ ခယက၊ မယက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ အမည်များဖြင့် အသီးသီးရယူထားပြီးမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိ/မရှိ၊ မေးခွန်း(၂) ဦးမောင်ကြီးက ဘိုးဘွားပိုင်မြေဟု တိုင်ကြား ခဲ့သည့်မြေ ၃.၁၆ ဧကအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအမည်များဖြင့် လယ်ယာမြေပုံစံ(၇) ထုတ်ပေးပြီးတော့ ကျန်မြေ ၁၆.၈၄ ဧကကို ဆက်လက်ရယူထားခြင်းက ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ၊ မေးခွန်း(၃) အကယ်၍ ဥပဒေနှင့် ညီညွတ်မှုမရှိပါက အဆိုပါကျူးကျော်မှုများအား မည်သို့ ဖယ်ရှား ပေးမည်ဖြစ်ပြီးတော့ ဒေသခံများအကျိုးအတွက် အသုံးပြုခွင့်ရနိုင်အောင် မည်သို့လုပ်ဆောင်ပေးမည် ဖြစ်ကြောင်းကို သိလိုပါကြောင်း လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။

**မူကြမ်း**

ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ ချောင်းကြီးကျေးရွာ၊ ကွင်းအမှတ်(၆၄)၊ သိုင်းဖျိုက်ကွင်းအတွင်းမှာရှိတဲ့ လစ်လပ်မြေဧရိယာ ၂၀ ဧကမှာ ၁၉၄၂ ခုနှစ်ခန့်က ဘင်္ဂါလီလူမျိုးများ လုပ်ကိုင်ခဲ့တဲ့မြေဖြစ်ပြီး ထိုအချိန်က ရခိုင်-ဘင်္ဂါလီလူမျိုးပြဿနာဖြစ်ပွားခဲ့မှုကြောင့် အဆိုပါလယ်မြေကို လုပ်ကိုင်ခဲ့တဲ့ ဘင်္ဂါလီလူမျိုးတွေဟာ ၎င်းတို့ရဲ့နေရပ်ကို ပြန်လည်ထွက်ခွာသွားတဲ့အတွက် ကျန်ရှိခဲ့တဲ့ ပလပ်မြေများဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ ပလပ်မြေထဲမှ ၃.၁၆ ဧကကို ချောင်းကြီးကျေးရွာအုပ်စု၊ ကပိုင်ချောင်းကျေးရွာနေ ဦးမောင်ကြီးရဲ့ဖခင် ဦးညိုထွန်းသာမှ ၁၉၄၃ ခုနှစ်ကနေ ၁၉၅၃ ခုနှစ်အထိ ယာယီဝင်ရောက် စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီးတဲ့နောက်မှာ စိုက်ပျိုးရေးဖြစ်ထွန်းမှုမရှိတဲ့အတွက် နောက်ပိုင်းမှာ ဆက်လက်စိုက်ပျိုးလုပ်ကိုင်ခွင့်မရှိတော့ဘဲ ပလပ်ထားခဲ့ရာမှ ၂၀၁၁ ခုနှစ်မှာ နိုင်ငံတော်အကြီးအကဲများက စိုက်ပျိုးခြင်းမရှိသောမြေတွေကို အလွတ်မထားဘဲ မြေလွတ်၊ မြေလပ်များကို ဒေသနှင့်ကိုက်ညီတဲ့ သီးနှံများစိုက်ပျိုးရန်၊ ဒေသနှင့် ဌာနအတွက်အကျိုးရှိမည့်လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ ဖော်ပြပါမြေ ၂၀.၁ ဧကကို စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးစုဌာနသို့ ၅ ဧက၊ မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးစုဌာနသို့ ၅.၁ ဧကနှင့် ပြည်ခိုင်ဖြိုးအသင်း မြေပုံမြို့သို့ ၁၀ ဧကတို့ကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ ခွဲဝေပြီး နှစ်ရှည်စိုက်ခင်းနှင့် ဒေသနှင့်ကိုက်ညီတဲ့သီးနှံများအား စိုက်ပျိုးထိန်းသိမ်းထားရှိစေခဲ့ပါတယ်။ မြေပုံချောင်းကြီးကျေးရွာအနီး ဦးမောင်ကြီးဟာ ၎င်း၏ဖခင်ဦးညိုထွန်းသာလုပ်ကိုင်ခဲ့တဲ့ ဘိုးဘွားပိုင်လယ်မြေ ၃.၁ ဧကကို မတရားသိမ်းဆည်းခံထားရတဲ့အတွက် ၎င်းဘိုးဘွားပိုင်မြေတွေကို ပြန်လည်ရယူလိုပါကြောင်း ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ တိုင်တန်းချက်အရ မြေပုံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ စတင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။

စစ်ဆေးချက်များအရ ၎င်းမြေဟာ ဘိုးဘွားပိုင်မြေမဟုတ်ပဲ ဘင်္ဂါလီလူမျိုးများစွန့်ပစ်ခဲ့တဲ့ ဖော်ပြပါမြေမှ ၃.၁၆ ဧကကို ၎င်းရဲ့ဖခင်ဖြစ်သူမှ ယာယီဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ပြန်လည်စွန့်လွှတ်ထားသော မြေဖြစ်ကြောင်း ၎င်းအနေနဲ့ မြေပိုင်ဆိုင်မှု အထောက်အထားတစ်စုံတရာ တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရတဲ့အတွက် ဦးမောင်ကြီးရဲ့ဖခင်ပိုင် ဘိုးဘွားပိုင်မြေမဟုတ်ဘဲ လက်ငုတ်ပြတ်နေသော မြေဖြစ်တဲ့အတွက် ဦးမောင်ကြီးကို လုပ်ပိုင်ခွင့်မပြုခဲ့ဘဲ ၂၀၁၁ ခုနှစ်မှ ၂၀၁၄

ခုနှစ်ထိ ဆက်တိုက်လုပ်ကိုင်ခဲ့တဲ့ ဌာနဆိုင်ရာများအနက် ပြည်ခိုင်ဖြိုးပါတီတို့ကိုသာ ဆက်လက် လုပ်ကိုင်ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်နဲ့ မြို့နယ်မြေအသုံးချကော်မတီမှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ ခရိုင်နှင့်ပြည်နယ်မြေအသုံးချစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်သို့ တင်ပြပြီး ပြည်နယ်မြေအသုံးချကော်မတီမှလည်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ မြို့နယ်မြေအသုံးချစီမံခန့်ခွဲရေးကော်မတီရဲ့ သဘောထားမှတ်ချက်အတိုင်း အတည်ပြုပေးခဲ့ပါတယ်။ အဆိုပါမြေ ၃.၁၆ ဧကကို စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ ၁.၂ ဧက မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးစုဌာနမှ ၀.၅၆ ဧကနှင့် မြေပုံမြို့နယ် ပြည်ခိုင်ဖြိုးပါတီမှ ၁.၄ ဧက တို့ကို ၂၀၀၁ ခုနှစ်မှာစပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့် များ လျှောက်ထားခဲ့တဲ့အခါ အဆင့်ဆင့်စိစစ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ဒီလို စိစစ်ခဲ့ပြီး ကန့်ကွက်လွှာ ခေါ်ယူစဉ်မှာ ကန့်ကွက်သူမရှိတဲ့အတွက် စိစစ်ချက်တွေအရ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ခရိုင်သို့ ထောက်ခံတင်ပြပြီး ခရိုင်မှလည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ စိစစ်ခွင့်ပြုခဲ့တဲ့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို ထုတ်ပေးခဲ့ပါတယ်။ ယခု လယ်ယာမြေပုံစံ(၇) ထုတ်ပေး ရာမှာ အမှန်တကယ်လယ်ယာမြေအဖြစ် အသုံးပြုသောဧကကိုသာ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စိစစ်ဆောင်ရွက်စဉ်ကန့်ကွက်တင်သွင်းသူမရှိခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှစတင်ပြီး အဆင့်ဆင့်စိစစ်ထုတ်ပေးခဲ့ခြင်းများ တွေ့ရှိရ ပါတယ်။ ဒါကြောင့် ဒီဆောင်ရွက်ချက်ဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ညီညွတ်မှုရှိကြောင်း သိရှိရပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိတဲ့ အဆိုပါ လယ်မြေအပေါ်မှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ ခွင့်ပြုချက်မရရှိဘဲ အခြားနည်းအသုံးပြုခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိထားသူတွေကို ခေါ်ယူအသိပေးအကြောင်းကြားထားပြီးဖြစ်ပါ တယ်။ ကျန်ရှိတဲ့ မြေ ၁၆.၈၄ ဧကဖြစ်တဲ့ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃.၈ ဧက အပေါ်မှာ အရပ်သားကျူးကျော်ခြောက်ဦး နေအိမ်ဆောက်လုပ်လျက်ရှိကြောင်း၊ မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၄.၄ ဧကမှာ ဌာနပိုင်သရက်နှင့် သီဟိုဠ်စိုက်ခင်းများစိုက်ပျိုးထား

ရှိကြောင်း၊ မြေပုံ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၈.၆ ဧကအနက် ၁.၉ ဧကမှာ ကပိုင်ချောင်းကျေးရွာနေ ပါတီဝင်ဦးကျော်သိန်းမှ ဆောင်းသီးနှံနှင့် မိုးစပါးစိုက်ပျိုးလျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း ဒီစိစစ်တွေ့ရှိချက်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ(၇)လျှောက်ထားလာမှုများအပေါ် မြေယာထိန်းသိမ်းထားတဲ့ အဖွဲ့အစည်းများက ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခဲ့တဲ့အတွက် အဖွဲ့မှ အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ရာတွင် ဒေသရဲ့လိုအပ်ချက်အရ ဒေသခံပြည်သူများရဲ့ ဆန္ဒနှင့်အညီ တိုက်နယ် ပြည်သူ့ဆေးရုံ၊ အားကစားကွင်းနှင့် ပန်းခြံနေရာအများအဖြစ် ပြုလုပ်ရန်အစီအစဉ်ရှိပါက ရခိုင်ပြည်နယ်အစိုးရအနေနဲ့ သက်ဆိုင်ရာဌာနများရဲ့ သဘောထားရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ပြည်နယ်အစိုးရရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ သို့ပါ၍ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကျောင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၄)၊ သိုင်းဖျိုက်ကွင်းမှာရှိတဲ့ မြေဧက ၂၀ နှင့် ၃.၁၆ ဧက ကျောင်းကြီးကျေးရွာနေ ဦးမောင်ကြီး(အဖ) ဦးညိုထွန်းသာရဲ့ ဘိုးဘွားပိုင်မြေအဖြစ် ပိုင်ဆိုင်မှုသတ်မှတ်နိုင်ခြင်းမရှိကြောင်း၊ ၎င်းမြေ ၃.၁၆ ဧကကို သက်ဆိုင်ရာဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြေ ၁၆.၈၄ ဧကကို ဒေသခံပြည်သူများရဲ့ အကျိုးအတွက် အများဆန္ဒနှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစီအမံများ တင်ပြလာပါက လယ်ယာမြေစီမံခန့်ခွဲရေး ဥပဒေပါနည်းလမ်းများနှင့်အညီ သက်ဆိုင်ရာပြည်နယ်အစိုးရမှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အခုလို ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေကြားချက်ဟာ တစ်ဆင့်ခံဖြေကြားချက်သာဖြစ်တဲ့အတွက်နဲ့ မြေပြင်အခြေအနေနှင့် တကယ့်ကို လွဲမှားနေပါတယ်။ ကျွန်တော်လည်း အခုနက Power Point နဲ့ ထိုးပြီးတော့ ပြပြီးပါပြီ။ မြေပြင်အခြေအနေမှာ ဘာအပင်မှမရှိပါဘူး။ ဒါကတော့ အသေအချာဖြစ်ပါတယ်။ ဒါကြောင့် သားသမီးတွေရဲ့ပြောဆိုချက်ပေါ်မှာ မိဘတစ်ယောက်အနေနဲ့ ဖြစ်သင့်/မဖြစ်သင့်၊ ဟုတ်သင့်/မဟုတ်သင့် ဒါတွေကိုလည်း ဆန်းစစ်ဖို့လိုပါတယ်။ ကျွန်တော် ပြည်နယ်မြေစာရင်းဦးစီးဌာန

ကို မေးပါတယ်။ ဒီမြေနှင့်ပတ်သက်ပြီးတော့ လွှတ်တော်မှာ ကျွန်တော်တင်ထားတယ်။ ဘာများ စုံစမ်းထားတာရှိသလဲဆိုရင် ဘာမှမရှိပါဘူးလို့ ပြောတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနကို မေးတယ်။ ဘာမှမရှိပါဘူးလို့ပြောတယ်။ တစ်ချိန်ကလည်း ကျွန်တော် စစ်တွေ ခယကကို သွားပြီးတော့ ဒီမြေကို အလှူခံခဲ့ဖူးပါတယ်။ တိုက်နယ်ဆေးရုံဆောက်ဖို့အတွက်။ အဲဒီတော့ ခယက က ဘာပြောလဲဆိုတော့ ခရိုင်မှူးက ဦးဖေသန်းကပဲ အလှူခံတာ။ ကျွန်တော်မှာ ယူထားတာမှ ဘာမှမရှိဘဲလို့ ပြောတယ်။ ဘာကို လှူရမှာလဲလို့ ပြောတယ်။ ဒါတွေဟာ တကယ်တမ်းကျတော့ သူ့အရပ်နှင့်သူ့ဇာတ်လုပ်ကြံထားတဲ့ကိစ္စတွေပဲဖြစ်ပါ တယ်။ ဒီတော့ ကျွန်တော်ပြောလိုတာကတော့ အခု ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တွေမှာ ၃.၁၆ ဧကကတော့ လုပ်ထားတယ်။ စပါးလည်း စိုက်ထားတယ်ပြောတယ်။ ကျွန်တော်က မစိုက်ဘူးပြောတယ်။ နောက်တစ်ခါ ၁၆.၈၄ ဧကကိုလည်းပဲ ဘယ်လောက် ဘယ်လောက်ခွဲပြီးတော့ စိုက်နေပါတယ်ပြောတယ်။ ကျွန်တော်က မစိုက်ဘူးလို့ ပြောတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနဟာ ခယက၊ မယကတွေရဲ့ မိဘနဲ့တူပါတယ်။ ကျွန်တော်တို့အတွက်လည်း အားကိုးရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ လက်တွေ့မြေပြင်အခြေအနေမှာ ဒီကိစ္စဟာ အမှန်တကယ် ဖြစ်သင့်/မဖြစ်သင့်၊ အမှန်တကယ် ဟုတ်/မဟုတ် စုံစမ်းစစ်ဆေးဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ အဲဒီလိုဝန်ကြီးတွေနဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ဦးဦးကို လွှတ်ပြီးတော့ပဲဖြစ်ဖြစ် ဒီကိစ္စကို အမှန်တကယ် စိုက်ထားခြင်းရှိ/မရှိကို စုံစမ်းပြီးတော့ ဒါဟာ တရားနည်းလမ်းနှင့်အညီ ရယူထားခြင်း ဟုတ်/မဟုတ် ကျွန်တော်တို့ကို အဖြေပေးနိုင်ပါသလား။ အဲဒီလို အဖြေပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပြောကြားချက်အရ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်ကနေ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ သို့သော်လည်း ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများအရ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှာရှိတဲ့ ဝန်ထမ်းဌာနအသီးသီးဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေရဲ့ အုပ်ချုပ်မှုအောက်နဲ့ သက်ဆိုင်ရာစီမံခန့်ခွဲမှုတွေကို လိုက်နာဆောင်ရွက်တဲ့အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ တစ်ဆင့်ခံဖြေကြားတယ်မှန်သော်လည်းပဲ ဒီဖြေကြားချက်တွေအပေါ်

မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကိုလည်း အသေးစိတ်ရယူပြီး မေးမြန်းခဲ့ပါတယ်။ မြေပုံနှင့်တကွလည်း ကျွန်တော်တို့ ရယူကြည့်ပြီးလည်း ဖြစ်ပါတယ်။ သို့သော် လည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရရဲ့လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက် လို့လည်း မသင့်တော်ဘူး ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးချုပ်ကိုယ်စား သက်ဆိုင်ရာ ပြည်နယ်အစိုးရကနေ တာဝန်ယူဖြေကြားထားတဲ့ ဖြေကြားချက်အပေါ်မှာ ကျွန်တော်တို့အနေနဲ့လည်း တာဝန်ခံ ဖြေကြားခြင်းဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်ရဲ့ဖြေကြားချက်ထဲမှာလည်း ထည့်သွင်း ပြောကြားထားသော်လည်း သက်ဆိုင်ရာ မြေယာလုပ်ကိုင်ခွင့်နှင့် ရယူထားတဲ့ဌာနများဟာ ပြဋ္ဌာန်း ထားတဲ့တည်ဆဲဥပဒေတွေအရ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်မရှိဘဲနှင့် အခြားနည်း အသုံးပြု မယ်ဆိုရင်လည်း တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ အစိုးရကနေ သက်ဆိုင်ရာဌာနများကို တရားဝင်စာနှင့်ရော၊ ခေါ်ယူမှာကြားခြင်းတွေရော ပြုလုပ်ပြီး ဖြစ်ကြောင်းလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးကနေတစ်ဆင့် သိရှိပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေပြင်မှာ ဆောင်ရွက်ချက်တွေဟာ တည်ဆဲဥပဒေတွေနှင့်မကိုက်ညီလျှင် သက်ဆိုင်ရာပြည်နယ်အစိုးရကလည်း ဒါကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့စွန့်လွှတ်ရမယ့် မြေနှင့်ပတ်သက်လို့လည်း အလားတူပဲဖြစ်ပါတယ်။ ဒီမြေပေါ်မှာ စိုက်ပျိုးမှုမရှိဘဲနှင့် ကျူးကျော်တယ်။ မူလပထမမြေကွက်တစ်ခုမှာ ခြောက်ဦးနှင့် နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီနေရာမှာ တစ်ဦး ဝင်ရောက်ဆောက်လုပ်နေထိုင် တာလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရကလည်း သိရှိပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖယ်ရှားရှင်းလင်းနိုင်ဖို့နှင့် ဒေသခံပြည်သူတွေရဲ့ လိုလားချက် အရ တင်ပြဆောင်ရွက်လာတဲ့အပေါ်မှာလည်း သက်ဆိုင်ရာပြည်နယ်အစိုးရအနေနဲ့ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်းကိုလည်း ပြန်လည်ဖြေကြားတဲ့အတွက် ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဟာ ကျွန်တော်တို့ရဲ့ကွပ်ကဲမှုကနေ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်သော်လည်း ပဲ သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာပဲ တာဝန်ခံဆောင်ရွက်ပေးရတဲ့ အဖွဲ့အစည်း ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**နိုင်ငံတော်အစိုးရက တာဝန်ယူစစ်ဆေးပေးသော ဓာတုဗေဒဓာတ်ခွဲခန်းများကို ယခုထက်ပိုမိုမှန်ကန်သော၊ တာဝန်ယူမှု အပြည့်အဝရှိသော အဂတိလိုက်စားမှုမရှိသော ဓာတုဗေဒစမ်းသပ်ဓာတ်ခွဲခန်းများအဖြစ် စီစဉ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်လည်ဘူးမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ မူးယစ်ဆေးဝါးပြစ်မှုနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရာတွင် နိုင်ငံတော်အစိုးရက တာဝန်ယူစစ်ဆေးပေးသော ဓာတုဗေဒဓာတ်ခွဲစစ်ဆေးရေးဌာနများနှင့် သက်ဆိုင်တဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ မမေးမြန်းမီ စကားချီးအနည်းငယ် ကျွန်တော် ပြောကြားလိုပါတယ်။ ယခုမေးမြန်းမယ့် မေးခွန်းတစ်ခုတည်းနဲ့ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် မြန်မာပြည်သူလူထုတွေ ခံစားနေရတဲ့ ဘေးဒုက္ခဆိုးကြီးကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်ဘူးဆိုတာလည်း ကျွန်တော် သိပါတယ်။ ပြည်သူလူထုကြီးဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ဆိုးကျိုးဒဏ်ကို တစ်တိုင်းပြည်လုံးမှာပဲ ကြေကွဲဝမ်းနည်းစွာ ခါးဆီးခံနေကြရပါတယ်။ တတ်စွမ်းသမျှ တားဆီးကာကွယ်ဖို့ အစိုးရမှာ အဓိကတာဝန်ရှိပါတယ်။ ပြည်သူလူထုက ပူးပေါင်းပါဝင်မှ ပိုမိုအောင်မြင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် ပြစ်ဒဏ်မှသက်သာစေရန် ထွက်ပေါက်တစ်ခုအဖြစ် အသုံးချခြင်းကို ကာကွယ်တားဆီးလိုခြင်းဖြစ်တဲ့ ပြည်သူလူထုရဲ့ဆန္ဒအသံကို ဖြည့်ဆည်းပေးရန်အတွက် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ/မရှိကို တာဝန်ယူစစ်ဆေးပေးသော နိုင်ငံတော်အစိုးရ၏ ဓာတုဗေဒဓာတ်ခွဲစစ်ဆေးရေးဌာနအနေဖြင့် ယခုထက် ပိုမိုမှန်ကန်သော တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိသော၊ အဂတိလိုက်စားမှုမရှိသော စစ်မှန်သည့်အဖြေများထုတ်ပေးနိုင်သည့် ဓာတုဗေဒဓာတ်ခွဲစစ်ဆေးရေးဌာနအဖြစ် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ကျွန်တော် ဗိုလ်ချုပ်အောင်စိုးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနကြီးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကွပ်ကဲမှုအောက်မှာ ထည့်သွင်း ဖွဲ့စည်းထားပြီး ဓာတုဗေဒစစ်ဆေးရေးဌာနရဲ့ ဖွဲ့စည်းပုံကတော့ အရာထမ်း ၇၅ ဦး၊ အမှုထမ်း ၁၃၅ ဦး ပေါင်း ၂၁၀ ဦးနှင့် ဖွဲ့စည်းထားပြီး လက်ရှိအရာထမ်း ၂၉ ဦး၊ အမှုထမ်း ၅၇ ဦး ပေါင်း ၈၆ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းထားတဲ့ အရာထမ်း၊ အမှုထမ်းအားလုံးဟာ ရဲတပ်ဖွဲ့ဝင်များ မဟုတ်ဘဲနဲ့ ဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ အရပ်သားဝန်ထမ်းများ ဖြစ်ပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာန ဓာတုဗေဒဝန်ကြီးရုံးကို နေပြည်တော်မှာ အခြေစိုက်ရုံးဖွင့်နေပြီးတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲများ ဖွင့်လှစ်ပြီး မူးယစ်ဆေးဝါး ဓာတ်ခွဲခန်း၊ အဆိပ်အတောက်ဓာတ်ခွဲခန်း၊ အစွန်းအထင်းဓာတ်ခွဲခန်းနှင့် အထွေထွေဓာတ်ခွဲခန်းများ အဖြစ် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဓာတုဗေဒစစ်ဆေးရေး ဌာနရဲ့ သက်သေခံပစ္စည်းလက်ခံစစ်ဆေးခြင်း၊ ထင်မြင်ချက်ပြန်ကြားခြင်း လုပ်ငန်းစဉ်တွေကိုလည်း ဓာတ်ခွဲခန်းများရဲ့ သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရဲဦးစီးအရာရှိချုပ် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ ကြီးကြပ်ရေးအဖွဲ့နဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဒေသကြီး စိစစ်ကျန်းမာရေးအဖွဲ့တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ထပ်မံဖွဲ့စည်းကြပ်မတ်ဆောင်ရွက်စေလျက် ရှိပါတယ်။ ၁၉၉၅ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၀ နည်းဥပဒေခွဲ(က)အရ အမှုစစ်အရာရှိဟာ အရေးယူထားတဲ့လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသမှအပ ရုံးပိတ်ရက်မှာဖြစ်စေကာမူ စတင်ဖမ်းဆီးတဲ့အချိန်ကနေ ၄၈ နာရီအတွင်းမှာ ဆီးနမူနာ ရယူပြီး ဆေးဘက်ဆိုင်ရာစစ်ဆေးချက်တွေကို တာဝန်ခံဆရာဝန်ထံ ပေးပို့ရပါတယ်။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွင်း ၄၈ နာရီအတွင်းမှာ ဆီးနမူနာထုတ်ယူရရှိရန်အတွက် မဆောင်ရွက် နိုင်ပါကလည်း ရုံးပိတ်ရက်ဖြစ်စေကာမူ စတင်ဖမ်းဆီးတဲ့အချိန်ကနေ ၇၂ နာရီအတွင်းမှာ နမူနာရယူပြီး

ရဲတပ်ဖွဲ့ဝင်ကနေ သက်ဆိုင်ရာတာဝန်ခံဆရာဝန်ကနေပြီးတော့ တစ်ဆင့်ပေးပို့ရပါတယ်။ ဒါက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်ပြီး လိုအပ်တဲ့စိစစ်ချက်တွေရရှိနိုင်ဖို့အတွက် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ကိုယ်စားလှယ်တော်ကြီးရဲ့ မူလပေးပို့တဲ့မေးခွန်း မှာပါရှိတဲ့အချက်တွေကို ပြန်လည်ဖြေကြားနိုင်ဖို့အတွက် ပြင်ဆင်ခဲ့တဲ့ ပြင်ဆင်ချက်အရ ကျွန်တော် တင်ပြခြင်းပဲ ဖြစ်ပါတယ်။ သို့သော် လက်ရှိကိုယ်စားလှယ်တော်ကြီးရဲ့ မေးခဲ့တဲ့အကျဉ်းချုပ်မေးခွန်း အရ လိုအပ်ချက်ကိုပဲ ကျွန်တော့်အနေနဲ့ ပြန်လည်ကောက်နုတ်ဖြေကြားသွားမှာဖြစ်ပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (က)အရ ပေးပို့လာတဲ့ ဆေးဝါး သို့မဟုတ် ဓာတုဗေဒပစ္စည်းအထုပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်တစ်ဦးဦးဖြင့် စေလွှတ်ပေးပို့ရပါတယ်။ ဒီလိုပေးပို့တဲ့အပေါ်မှာလည်း သက်ဆိုင်ရာတာဝန်ခံ ဆရာဝန်က လျှို့ဝှက်အမှတ်အသားရေးထိုးပြီး၊ ချိတ်ပိတ်ပြီး စာတိုက်ကနေပြီးတော့ မှတ်ပုံတင်ပေးပို့ ခြင်းတွေကိုလည်း ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီလိုစစ်ဆေးရာမှာ သက်ဆိုင်ရာရဲစခန်းက ရဲတပ်ဖွဲ့ ဝင်ကိုယ်တိုင် ကျန်းမာရေးဌာနမှာရှိတဲ့ သက်ဆိုင်ရာတာဝန်ခံဆရာဝန်တွေနဲ့ စာတိုက်ကနေ ပေးပို့လာ တဲ့အမှာစာအပေါ်မှာ ဓာတ်ခွဲစမ်းသပ်ရမယ့် နမူနာပစ္စည်းတွေ၊သတ်မှတ်ထားတဲ့ ချိတ် သို့မဟုတ် အမှတ်အသားတွေနဲ့ လက်မှတ်တွေကို မှန်/မမှန်စစ်ဆေးပြီးမှ အကယ်၍ အနေအထားတွေပျက်ယွင်း မယ်ဆိုရင် ပေးပို့တဲ့နေရာ၊ ဌာနတွေကို ပြန်လည်ပေးပို့ရပါတယ်။ ဒီလိုစစ်ဆေးရာမှာ မှန်ကန်မှုမရှိ သည်ဖြစ်စေ၊ စမ်းသပ်ရန်ပေးပို့တဲ့ နမူနာအထုပ်ဟာ အနေအထားပျက်လျှင် လက်မခံဘဲ ပြန်လည် ပေးပို့ပြီး သီးခြားစာဖြင့်လည်း ထပ်မံအကြောင်းကြားရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းဒေသကြီး အလိုက် စိစစ်ကြပ်မတ်ရေးအဖွဲ့တွေရဲ့ မျက်မြင်ကြီးကြပ်မှုအောက်မှာပဲ ဆောင်ရွက်လျက်ရှိကြောင်း လည်း သိရှိရပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနမှာ အဆိပ်အတောက်မူးယစ်အစွန်းအထင်း၊ စစ်ဆေး တဲ့ဓာတ်ခွဲခန်းများဟာ ရဲစခန်းတွေက ပေးပို့လာတဲ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါး စစ်ဆေးပြန်ကြားခြင်း၊ ဆေးရုံများမှပေးပို့တဲ့ မူးယစ်ဆေးဝါးသုံးစွဲသည်ဟု စွပ်စွဲခံရတဲ့တရားခံများရဲ့ ဆီးနမူနာများ စစ်ဆေး ခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုစစ်ဆေးဆောင်ရွက်ရာမှာ ဓာတုဗေဒဝန်ကြီးရုံး အနေနဲ့ UNODC ရဲ့ သတ်မှတ်ထားတဲ့နည်းစဉ်များဖြစ်တဲ့ TLC - Thin Layer Chromatography ၊ အပါးလွှာအရောင်စမ်းသပ်နည်းဖြင့်လည်းကောင်း၊ GCMS - Gas Chromatography Mass Spectrometry ဒီစက်တွေကို အသုံးပြုပြီး စစ်ဆေးပြန်ကြားပေးလျက်ရှိပါတယ်။ ဒီနည်းစဉ်နဲ့

စက်ကိုင်တွယ်ထိန်းသိမ်းမှုတွေအတွက်လည်း ကျွမ်းကျင်ပညာရှင်တွေကလည်း တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲမှုရှိ/မရှိ စစ်ဆေးရာမှာလည်း အလွယ်တကူစစ်ဆေးနိုင်တဲ့နည်းစနစ်တွေ၊ စစ်ဆေးကိရိယာတွေ စမ်းသပ်စစ်ဆေးခြင်းကို ဓာတုဗေဒစစ်ဆေးရေးဌာနမှာ ပြုလုပ်ခြင်းမရှိပါဘူး။ အလွယ်တကူစစ်ဆေးနိုင်တဲ့ကိရိယာတွေ၊ Task Skit တွေဟာ တိကျတဲ့အဖြေထုတ်ပေးနိုင်မှုမရှိတဲ့ အတွက်ကြောင့်မို့လို့လည်း စစ်ဆေးဖော်ထုတ်တဲ့အခါမှာ ကွဲလွဲချက်များဖြစ်ပေါ်နိုင်တဲ့အတွက် ဒီနည်းစနစ်တွေနဲ့ မူးယစ်ဆေးဝါးသုံးစွဲကြောင်း မူးယစ်ဆေးဝါးဆိုင်ရာအတည်ပြုကြောင်း ပြုလုပ်ခြင်း မရှိကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့် အခြားနိုင်ငံတွေမှာ အလွယ်တကူဆီးစစ်ပေးတဲ့ ကိရိယာ တွေနဲ့ စစ်ဆေးအတည်ပြု အဖြေထုတ်ပေးပြုလုပ်ခြင်းမရှိသကဲ့သို့ ကျွန်တော်တို့ ဓာတုဗေဒရုံးမှာ လည်း လက်ရှိအသုံးပြုနေတဲ့ TLC နည်းနဲ့ GCMS စက်တွေကိုသာ အသုံးပြုပြီး လက်ရှိနိုင်ငံတကာ မှာ အသုံးပြုနေတဲ့ နည်းစနစ်တွေအတိုင်းပဲ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။

ဒီလိုပေးပို့လာတဲ့ ဓာတ်ခွဲစစ်ဆေးရတဲ့လုပ်ငန်းစဉ်တွေမှာ ဓာတ်ခွဲစစ်ဆေးခြင်း၊ Code နံပါတ် ဖော်ခြင်းစတဲ့ လုပ်ငန်းစဉ်တစ်လျှောက်လုံးကိုလည်း သက်ဆိုင်ရာစိစစ်ကြပ်မတ်ရေးအဖွဲ့ဝင်တွေ ရှေ့မှောက်မှာ ဆောင်ရွက်ရတာဖြစ်ပါတယ်။ လုပ်ဆောင်မှုအဆင့်ဆင့်တိုင်းကို သီးခြားအဖွဲ့အစည်းဖြင့် သာ ဆောင်ရွက်လျက်ရှိပါတယ်။ သက်သေခံပစ္စည်းနမူနာတွေကိုလည်း လက်ခံရရှိတဲ့နေ့မှာပဲ ဓာတ်ခွဲ စစ်ဆေးမှုတွေကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုတင်းကြပ်တဲ့စည်းမျဉ်းစည်းကမ်းတွေ နဲ့ ဆောင်ရွက်နေမှုကြောင့်လည်း ဓာတုဗေဒဝန်ရုံးရဲ့ အတည်ပြုပြန်ကြားချက်တွေအပေါ်မှာ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့တွေက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဓာတုဗေဒစစ်ဆေး ရေးဌာနသို့ ရဲစခန်းအသီးသီးကနေ လာရောက်အပ်နှံစစ်ဆေးတဲ့ ဖမ်းဆီးရမိမှု မူးယစ်ဆေးဝါးနှင့် အချို့အမှုတွေမှာ သက်သေခံပစ္စည်းအားလုံးကိုသော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း စမ်းသပ်စစ်ဆေးရာမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ် မတွေ့ရှိရပါ။ ဓာတ်ခွဲခန်းဝန်ထမ်းများရဲ့ မသမာမှုရှိ/မရှိ သိရှိနိုင်ဖို့အတွက်လည်း ညွှန်ကြားရေးမှူးက သတ်မှတ်ပေး ထားတဲ့ အခြားဓာတုဗေဒစစ်ဆေးရေးဌာနခွဲတစ်ခုကိုလည်း သက်ဆိုင်ရာအမှုတွဲနှင့် သက်သေခံပစ္စည်း များကို ပေးပို့စေပြီး အထူးကိစ္စရပ်တစ်ခုအနေနဲ့လည်း ပြန်လည်စစ်ဆေးခြင်းတွေ၊ မှုခင်းရဲတပ်ဖွဲ့ CID ဓာတ်ခွဲခန်းသို့ ၎င်းသက်သေခံပစ္စည်းပေးပို့ပြီး စစ်ဆေးခြင်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရာမှာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ပြန်လည်ပေးပို့ခြင်းတွေကိုလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနမှာရှိတဲ့ ဝန်ထမ်းများအနေနဲ့လည်း သက်ဆိုင်ရာပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို အလေးထားလိုက်နာဖို့နဲ့ အရေးယူခြင်းမရှိဘဲ မသမာမှုများပြုလုပ်သည့် ဖြစ်စဉ်များရှိပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဓာတုဗေဒစစ်ဆေးရေးဌာနအနေနဲ့ မူးယစ်ဆေးဝါးနှင့်ဆက်စပ်တဲ့ အမှုအခင်းများအပေါ်မှာ UNODC ရဲ့ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အနည်းငယ် ဖြည့်စွက်တင်ပြလိုပါတယ်။

ဓာတုဗေဒဝန်ရုံးရဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွေအပေါ်မှာ ပိုမိုခိုင်မာကောင်းမွန်မှုရှိစေရန်အတွက် နောက်ဆုံးပေါ်စက်ကိရိယာပစ္စည်းများကိုလည်း တပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ Color Test TLC Method ပါ နည်းစနစ်တွေ GCMS စနစ်တွေအပြင်ကို ၂၀၁၆ ဘဏ္ဍာနှစ်မှာ ဝယ်ယူရရှိခဲ့တဲ့ DNA စစ်ဆေးတဲ့စက်ကိုလည်း ဝယ်ယူတပ်ဆင်ပြီး DNA ဌာနကိုလည်း ဖွဲ့စည်းမှုအရ သီးခြားဖွဲ့စည်းထားရှိနိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်းမှာ ထည့်သွင်းဖွဲ့စည်းထားတဲ့ ဓာတုဗေဒဝန်ရုံးအနေနဲ့ မှုခင်းဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များအပေါ်မှာ တိကျတဲ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ခေတ်မီစက်ကိရိယာများကို ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူတပ်ဆင်လျက်ရှိသလို လက်ရှိဘဏ္ဍာနှစ်မှာလည်း ခွင့်ပြုလာမယ့်ဘဏ္ဍာငွေအပေါ်မူတည်ပြီး စက်ကိရိယာများ ဝယ်ယူတပ်ဆင်နိုင်ရေးအတွက်ကိုလည်း ထပ်မံပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ DNA ဌာနခွဲအနေနဲ့လည်း ဓာတုဗေဒစစ်ဆေးရေးဌာနကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ကစပြီး ဓာတ်ခွဲခန်းသုံးကိရိယာများတပ်ဆင်ခြင်း၊ DNA ဓာတ်ခွဲခန်းဆိုင်ရာလက်တွေ့သင်ကြားခြင်းတွေကိုလည်း အင်္ဂလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒဝန်ရုံးအနေဖြင့် မှုခင်းဆိုင်ရာစစ်ဆေးအတည်ပြုချက်များကို ခေတ်မီစက်ကိရိယာများနှင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အလေးထားစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ ကျွန်တော် ထပ်ဆင့်မေးခွန်းမေးပါရစေ။ အခုလို ကျွန်တော့်မေးခွန်းကို လာရောက်ဖြေကြားပေးပါသော ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးကို ကျွန်တော် အထူးပဲကျေးဇူးတင်ပါတယ်။ အဲဒီတော့ အခု ဖြေကြားသွားတဲ့အဖြေထဲမှာ နောက်ဆုံးပေါ်စက်တွေ သုံးနေတယ်။ ထပ်လည်းမှာယူပြီးတော့ သုံးမယ်ဆိုတာလည်း ကြားသိရတဲ့အတွက် အများကြီးဝမ်းသာ ပါတယ်။ နောက်ပြီးတော့ ပြစ်မှုကျူးလွန်သူများနဲ့မသမာမှုရှိခဲ့ရင် ထိရောက်စွာအရေးယူမယ်ဆိုတာ ကိုလည်း ဒီကိစ္စကြားသိရတဲ့အတွက် ပြည်သူလူထုကိုယ်စား ဝမ်းသာပါတယ်။ ဒါပေမဲ့ ဒီ့ထက်အရင် ဖြေကြားသွားတဲ့အဖြေထဲမှာကြည့်မယ်ဆိုရင် အဖြေတွေဟာ ဓာတုဗေဒစစ်ဆေးတဲ့အခါ ပြုလုပ်ရတဲ့ လုပ်ထုံးလုပ်နည်း၊ အခြေခံစည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ဆောင်နည်းတွေကို ဖြေကြားသွားတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ပြင်ဆင်ခဲ့တယ်လို့လည်း မှတ်သားရပါတယ်။ အဲဒီအခါမှာ အဖြေဟာ ပကတိအခြေအနေနဲ့ အောက်ခြေမှာ ပြည်သူပြည်သားတွေ တစ်တိုင်းပြည်လုံးသိရှိနေတဲ့အချက်တွေနဲ့ ကွဲလွဲနေတယ်ဆိုတာ လူထုက နားလည်သိရှိနေတဲ့အတွက် တာဝန်ရှိသူများဟာ၊ တာဝန်ခံများဟာ ဖြေဆိုပုံဖြေဆိုနည်း မပြောင်းလဲသေးဘူးလို့ ပြည်သူလူထုက မှတ်ယူသွားမှာကိုတော့ ကျွန်တော် စိုးရိမ်မိပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကျွန်တော် ထပ်ဆင့်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဓာတ်ခွဲခန်းမှ စမ်းသပ်လုပ်ဆောင်မှုများကို အဖြေမှန်ရရှိရေးအတွက် ထိန်းကျောင်း၊ တည့်မတ်၊ စိစစ်ဆောင်ရွက်မှုများ ဂရုတစိုက်ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိကို တစ်တိုင်းပြည်လုံး ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းလိုခြင်းဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးခွန်းကို ရှင်းလင်းတင်ပြပါ့မယ်။ ကျွန်တော်တို့ မူလက လက်ခံရရှိတဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ ဒီထက်ပိုပြီးအသေးစိတ်တဲ့ မေးခွန်းအချက်အလက်တွေလည်း ပါရှိခဲ့ပါတယ်။ ဒီအချက်အလက်တစ်ချက်ချင်းကိုလည်း ကိုယ်စားလှယ်တော်ကြီးက အခြေအနေအရပ်ရပ်အရ ထည့်သွင်းပြီးတော့ မမေးတဲ့အတွက် ကျွန်တော်လည်း ထည့်သွင်းဖြေကြားခဲ့ခြင်းမရှိပါဘူး။ ဒီလိုကွဲလွဲချက်တွေအပေါ်မှာလည်း ကျွန်တော်တို့ ပြန်လည်ဖြေကြားဖို့အတွက်သာမဟုတ်ဘဲနဲ့ မြေပြင်မှာ ကျွန်တော်ကိုယ်တိုင်လည်း သွားရောက်ပြီး ဒီ Process တွေအကုန်လုံးကို လက်တွေ့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ဒီအပေါ်မှာ လစ်ဟာနိုင်မှုရှိတဲ့အချက်တွေရှိ/မရှိ ဒါတွေကိုလည်း ဆန်းစစ်ဖို့

အတွက် သက်ဆိုင်ရာဖွဲ့စည်းထားတဲ့ ရဲဦးစီးအရာရှိချုပ်ပါဝင်တဲ့ ကြီးကြပ်ရေးအဖွဲ့တွေနဲ့လည်း မြေပြင်မှာ သွားရောက်ပြီးတော့ ကိုယ်တိုင်ကြည့်ရှုပြီး စစ်ဆေးခဲ့ပါတယ်။ ဒီအပေါ်မှာ သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်အတိုင်း ချမှတ်ဆောင်ရွက်ဖို့အတွက် ဖွဲ့စည်းမှုတွေမှာလည်း အဆင့်ဆင့်ကွပ်ကဲမှုတွေ ပေးထားပြီးဖြစ်ပါတယ်။ ဒီကွပ်ကဲမှုအရလည်း ကျွန်တော်တို့က မိမိကိုယ်ကိုအပါအဝင် မိမိလက်အောက်အဖွဲ့အစည်း၊ မိမိရဲ့လုပ်ငန်းတာဝန်တွေအပေါ်မှာ တာဝန်ယူပြီးတော့ မိမိဌာနနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအထက်အဆင့်ကို တာဝန်ခံတင်ပြဖို့ဆိုတာလည်း သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းအရလည်း အားလုံးနားလည်ပြီးဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့က အဆင့်ဆင့်ဖွဲ့စည်းစစ်ဆေး၊ ကြပ်မတ်စစ်ဆေးမှုများဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မူလမေးခွန်းမှာပါခဲ့တဲ့ အချက်တွေအရလည်း ဒီမှာလည်း ကျွန်တော် အသေးစိတ်မတင်ပြတော့ပါဘူး။ ပြီးရင်တော့ ကျွန်တော်တို့ရဲ့ ဖြေကြားချက်ကို သက်ဆိုင်ရာကိုယ်စားလှယ်တော်ကြီးကိုတော့ မူလမေးခွန်းဖြစ်တဲ့အတွက် ဒီအဖြေတွေကိုတော့ သက်ဆိုင်ရာကိုယ်စားလှယ်တော်ကြီးကို ကျွန်တော် ပြန်လည်ပေးသွားပါမယ်။

ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့လည်း လက်ရှိ ကျွန်တော်တို့ တာဝန်ယူနေတဲ့ကာလအတွင်းမှာ ခုနက ကိုယ်စားလှယ်တော်ကြီးအကြံပြုဆွေးနွေးသလိုပဲ ပေးထားတဲ့လုပ်ငန်းတာဝန်နှင့်ပတ်သက်ပြီးတော့ ရရှိလာတဲ့ စိစစ်ရမယ့်စိစစ်ချက်တွေအပေါ်မှာ မှန်ကန်တဲ့အဖြေထုတ်ပေးနိုင်တဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာ မူလပြဋ္ဌာန်းပေးတဲ့လုပ်ငန်းစဉ်တွေအပြင် ထပ်မံပြီးရေးဆွဲသင့်တဲ့ ဒီစစ်ဆေးမှုနှင့်ပတ်သက်လို့လည်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနှင့်အညီလည်း လုပ်ငန်းစဉ်တွေရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒါအပေါ်မှာလည်း သက်ဆိုင်ရာအဆင့်ဆင့်သောအဖွဲ့တွေက ကြပ်မတ်ဆောင်ရွက်လျက်ရှိသလို အခုလို လိုအပ်လာတဲ့အချိန်တွေမှာလည်း ကျွန်တော်တို့ တာဝန်ရှိသူ ကျွန်တော်တို့ကိုယ်တိုင်လည်း ဝင်ရောက်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လာမယ့်ကာလတွေမှာလည်း အလားတူစစ်ဆေးကြပ်မတ်ပြီး စစ်ဆေးပြီး အဖြေထုတ်ရတဲ့လုပ်ငန်းစဉ်တွေရှိလာခဲ့ရင်လည်း ကျွန်တော်တို့အနေနဲ့ တာဝန်ယူကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် အကယ်၍ မှားယွင်းမှုများ တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့လို့ စစ်ဆေးပေါ်ပေါက်တယ်ဆိုရင်လည်း သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်ကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းကို ဘာဆိုလိုချင်တယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ ဒီနေရာမှာ ဓာတုဗေဒစမ်းသပ်ဓာတ်ခွဲခန်းတွေနဲ့ ပတ်သက်လို့ အဂတိလိုက်စားမှု မရှိအောင် တာဝန်ယူမှု၊ တာဝန်ခံမှုသဘောပြောတယ်ဆိုတာကို ကျွန်တော်တို့ သဘော ပေါက်ပါတယ်။ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးကလည်း ခုနကလို ဒါမျိုးတွေရှိလာလို့ရှိရင် ဒါနဲ့ပတ်သက်လို့ စောင့်ကြပ်ထိန်းမတ်ပြီးတော့ ဆိုင်ရာကို အရေးယူသွားမယ်လို့လည်း ဖြေကြားပြီးဖြစ်တယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ကလည်း ဒါမျိုးတွေရှိတယ်ဆိုရင် ဘယ်အမှု၊ ဘယ်ကိစ္စ၊ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တိတိကျကျနဲ့ သက်ဆိုင်ရာကို ဖော်ထုတ်ပေးဖို့လိုတယ်။ တိုင်ကြား ပေးဖို့လိုတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ခုနကပြောတဲ့ ပြည်သူတွေအားလုံးအတွက် ဥပဒေရဲ့ အကာအကွယ်ကိုရမယ်။ ဒါကိုလည်းကျွန်တော်တို့ဘက်က လုံးပန်းပေးပါ။ ဒီ ယေဘုယျတွေအားလုံး ကို ခြုံပြောမယ်ဆိုရင်တော့ ဒီလိုပဲသက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဖြေကြားလို့ရပါမယ်။ ခုနကလို တစ်မှုချင်း၊ ကိစ္စတစ်ခုချင်း၊ အဖြစ်အပျက်တစ်ခုချင်းမှာ ခိုင်လုံတဲ့အထောက်အထားနဲ့ သက်သေခံ အထောက်အထားပြည့်စုံမယ်ဆိုရင် သက်ဆိုင်ရာဌာနကို တိုင်ကြားလို့ရတယ်။ သက်ဆိုင်ရာဌာနက ဆက်လက်အရေးယူဆောင်ရွက်သွားလိမ့်မယ်။ ဒါတွေကိုလည်းကျွန်တော်တို့ဘက်က ဂရုစိုက်ပေးဖို့လို ပါတယ်။

**တရားရုံးများ၌ တရားစီရင်ရာမှာ စိတ်ဝင်စားသော ပြည်သူများ ဝင်ရောက်နားထောင်ရာတွင် တားဆီး သူများအား အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် တရားရုံးများတွင် ရေးသားလျှောက်လဲချက်ကို လက်ခံ နေခြင်းသည် ဥပဒေကို ဆန့်ကျင်နေပါသဖြင့် ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တောင်စုတရား လွှတ်တော်ချုပ်မှ တရားသူကြီး၊ လေ့လာ ကြသောပြည်သူများခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အခုမေးမယ့်မေးခွန်းကတော့ နှစ်ခုဖြစ်ပါတယ်။ အဲဒါ ကတော့ မြန်မာနိုင်ငံက တရားရုံးတွေမှာ ပြည်သူတွေဟာစိတ်ဝင်စားလို့ သွားရောက်နားထောင်တဲ့အခါ မှာ အတားအဆီးတွေရှိနေတယ်လို့ ကျွန်တော်သိထားပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်လို့

အရေးယူရန်အစီအစဉ်ရှိ/မရှိ၊ ဒုတိယမေးခွန်းကတော့ တရားရုံးတွေမှာ နှုတ်ဖြင့်လျှောက်လဲချက်ပေးရမယ့်လျှောက်လွှဲချက်ကို စာနဲ့ရေးတင်ခိုင်းတာဟာ ဥပဒေနဲ့ဆန့်ကျင်နေပါသဖြင့် ဒါကိုလည်း ရပ်ဆိုင်းရန်အစီအစဉ်ရှိ/မရှိ ကျွန်တော်ကမေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်အသေးစိတ်ကိုပြောပါမယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ဥပဒေရဲ့အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူထဲက ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)မှာ တရားဥပဒေကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး၊ နောက်တစ်ခါ ၂၀၀၀ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အခန်း(၂) တရားစီရင်ရေးမူများမှာလည်း ဒီစကားလုံးပါပဲ။ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ဥပဒေ ကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး၊ နောက်တစ်ခါ ပုဒ်မခွဲ(င)မှာဆိုရင် ဥပဒေကို ပြည်သူများနားလည်၊ လိုက်နာ၊ ကျင့်သုံးလာစေရန် ပညာပေးရေး၊ ပြည်သူများက ဥပဒေကိုလိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး နောက်တစ်ခါ ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၃၅၂ မှာ ပြစ်မှုတစ်စုံတစ်ရာကို စစ်ဆေးစီရင်ရန်အလို့ငှာ မည်သည့်တရားရုံးမဆို ရုံးထိုင်သည့်နေရာကို အများပြည်သူတို့ သွားလာဝင်ထွက်နိုင်သည့် ဖွင့်လှစ်ထားသော တရားရုံးဖြစ်ကြောင်း မှတ်ယူရမည်။ အင်္ဂလိပ်လိုဆို Shall be deal in Open Court သူက Shall နဲ့ကို သုံးထားပါတယ်။ May မဟုတ်ပါဘူး။ အဲဒီလို ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ အခုဘာဖြစ်နေလဲဆိုတဲ့အခါကျတော့ ၂၀၁၄ ခုနှစ်၊ တရားရုံးချုပ်ရဲ့ညွှန်ကြားရေးတစ်ခုကို ကျွန်တော်တို့ အတွင်းသတင်းရပါတယ်။ ဒီတရားရုံးတွေမှာ ဆင်နားရွက်တွေတပ်ပါတယ်။ ပြည်သူတွေဝင်လို့မရပါဘူး။ နောက်တစ်ခါဘာပြောလဲ။ တရားရုံးထဲမှာ ထိုင်ခုံမရှိပါဘူး။ အခက်အခဲရှိပါတယ်။ နေရာအခက်အခဲရှိပါတယ်လို့ပြောတယ်။ နောက်တစ်ခါကျလို့ရှိရင် ကျွန်တော်တို့ တရားခွင်ထဲကနေ မသက်ဆိုင်တဲ့သူတွေထွက် အဲဒါမျိုးပြောတက်ပါတယ်။ နောက်တစ်ခုကဘာရှိသေးလဲဆိုတော့။

ဥက္ကဋ္ဌကြီးခင်ဗျား။ www.unionsupremecourt.com.mm ရဲ့ ဒီတရားရုံးချုပ် Website မှာကြည့်မယ်ဆိုရင် တရားရုံး သတင်းမီဒီယာလက်စွဲဆိုတဲ့ စာစောင်တစ်ခုထွက်ထားပါတယ်။ ဒါကိုလေ့လာကြည့်တဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ သတင်းထောက်တစ်ယောက်ကလာမယ်ဆိုရင် ပထမဆုံး တရားသူကြီးကို အကြောင်းကြားရမယ်။ ရုံးကြီးထဲကို အကြောင်းကြားရမယ်။ အကြောင်းကြားပြီး ကြိုတင်ချိန်းဆိုရမယ်။ သတ်မှတ်တဲ့နေရာမှာနေရမယ်။ နည်းလမ်းတကျသတင်းယူရမယ်။ နောက်တစ်ခါ အဲဒီပရဝုဏ်အတွင်းမှာပဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ တရားရုံးအကြီးအကဲ၏ခွင့်ပြုချက်မရဘဲ မေးခြင်း၊ သတင်းရယူခြင်းမပြုရဆိုပြီးတော့ ဒီသတင်းမီဒီယာလက်စွဲလည်း

ထွက်ထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါကို ကြည့်လိုက်တဲ့အခါမှာဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ဆန့်ကျင်တယ်။ ၂၀၁၀ ခုနှစ်၊ တရားစီရင်ရေးဥပဒေနဲ့လည်း ဆန့်ကျင်တယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးနဲ့လည်း ဆန့်ကျင်တယ်။ ဒါကို ကျွန်တော်တို့က သွားတွေ့ရှိရပါတယ်။ အဲဒီအခါကျတော့ ပြည်သူတွေဟာ အဲဒီအခါမှာကျတော့ တရားရုံးတွေက ဘာခုခံလဲဆိုတော့ နေရာမရှိလို့ပါ။ ကျွန်တော်တို့ သဘောတရားတစ်ရပ်ရှိပါတယ်။ အစိုးရတစ်ရပ်မှာ လူတိုင်းကို နေကာမျက်မှန်တပ်ရမယ်ဆိုရင် မျက်မှန်မဝယ်နိုင်တဲ့သူ မျက်မှန်ဝယ်ပေးရမှာ အစိုးရရဲ့တာဝန်ပါ။ အခုလည်း ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော် တရားစီရင်ရေးဥပဒေအရ၊ ပြစ်မှုဆိုင်ရာဥပဒေအရ ကျွန်တော်ပြောနေတာပါ။ နောက်တစ်ခုကတော့ ကျွန်တော်ရဲ့ မေးခွန်းကနှစ်ခုဖြစ်ပြီး ငါးမိနစ်ဆိုတော့ အတော်အပြေးအလွှားပြောနေရပါတယ်။ အဲဒီတော့ ကျွန်တော် နောက်တစ်ခုက ဘာလဲဆိုတော့ ကျွန်တော်တို့ တရားရုံးချုပ်မှာ လျှောက်လဲချက်ပေးတာပါ။ လျှောက်လဲချက်ဆိုတာ Oral Argument၊ not in Written ရှင်းရှင်းလေး။ လျှောက်လွှာမဟုတ်ဘူး။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ဆိုရင် ဥပဒေစာအုပ်ကိုမှ ၁၉၇၀ ခုနှစ်၊ BCM ကိုရော၊ ၁၉၉၉ ခုနှစ် BCM ကိုရော ကျွန်တော် Study လုပ်ပါတယ်။ အဲဒီတော့ ဘာတွေ့လဲဆိုတော့ ၁၉၉၉ ခုနှစ် BCM မှာ အပိုဒ် ၁၅၄ မှာ ဘာဆိုလဲဆိုတော့ ခုခံသောအမှုများတွင် ရေးသားသောလျှောက်လဲချက်များတင်သွင်းရန် ရှေ့နေတို့အား ခွင့်ပြုသည့်အလေ့အထကို လိုက်နာခြင်းမပြုရန် တားမြစ်သည်။ လျှောက်လဲချက်များကို တရားရုံးသို့ နှုတ်ဖြင့်လျှောက်လဲရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်ပြောတဲ့ www.unionsupremecourt.com.mm

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ တရားရုံးများ၌ တရားစီရင်ရာမှာ စိတ်ဝင်စားသော ပြည်သူများ ဝင်ရောက်နားထောင်ရာတွင် တားဆီးသူများအား အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် တရားရုံးများတွင် ရေးသားလျှောက်လဲချက်ကို လက်ခံနေခြင်းသည် ဥပဒေကို ဆန့်ကျင်နေပါသဖြင့် ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(ပြည်ထောင်စုတရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းမှာပါတာကတော့ တရားရုံးများမှာ တရားစီရင်ရာမှာ ပြည်သူများ စိတ်ဝင်စားစွာ ဝင်ရောက်နားထောင်ရာမှာ တားဆီးမှုများကို အရေးယူပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါ တယ်။ ဒါနဲ့ပတ်သက်လို့ ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဥပဒေအတိုင်းပါပဲ။ ၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမှာ တရားစီရင်ရေးဆိုင်ရာမူတစ်ရပ်ပါရှိပါတယ်။ အဲဒီတရားစီရင်ရေး ဆိုင်ရာမူမှာတော့ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်မှာ တရားစီရင်ရေးဆိုတဲ့ အချက်ပါရှိပါတယ်။ အဲဒီမှာပါတဲ့ ဥပဒေအရ ကန့်သတ်ချက်များဆိုတာကိုတော့ ကျွန်တော်တို့ ကလေး သူငယ်ဥပဒေ၊ လူကုန်ကူးမှု တားဆီးရေးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ နှင့် တရားရုံးများ လက်စွဲအပိုဒ် ၄၈ တို့မှာဖော်ပြထားပါတယ်။ ကလေးသူငယ်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(စ)မှာဆိုရင် ကလေးသူငယ်မှုခင်းကို သီးသန့်စစ်ဆေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာဆိုရင်လည်း သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ လူကုန်ကူးမှုနှင့်စပ်လျဉ်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူးခံရသည့်အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာအိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် အတွက် အများပြည်သူရှေ့တွင်မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမယ်လို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ မှာလည်း ရာဇဝတ်တရားသူကြီးအား မိမိသင့်သည်လို့ ထင်မြင်လို့ရှိရင် ထူးခြားတဲ့အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စီရင် ခြင်းပြုနေဆဲ

မည်သည့်အချိန်တွေမှာမဆို တရားရုံးက အသုံးပြုတဲ့အခန်း သို့မဟုတ် အဆောက်အဦ အတွင်းသို့ ဝင်ထွက်သွားလာခြင်း သို့မဟုတ် ရှိနေခြင်းမပြုလုပ်ရန် အမိန့်ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ မှာပါတဲ့ ထူးခြားတဲ့မှုခင်းတစ်စုံတစ်ရာ ဆိုတာကတော့ ကျူးလွန်ခံရသူရဲ့ဂုဏ်သိက္ခာအတွက် အများပြည်သူများနားထောင်ရန်မသင့်တဲ့ မဒိမ်းမှု၊ ဖျားယောင်းသွေးဆောင်မှု ပြီးတော့ ကာမဖျက်ဆီးမှု၊ ရက်စက်ယုတ်မာတဲ့ အသက်မပြည့်သေးတဲ့ ကလေးသူငယ်များအပေါ်မှာ ကျူးလွန်တဲ့အဓမ္မမှုများကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီးတော့က ဒီမဒိမ်းမှုများနှင့် ကာမသောင်းကျန်းမှုများကို စစ်ဆေးတဲ့နေရာမှာတော့ မောင်နှင့် အစ်မ၊ သားနှင့် အမိ မကြားဝံ့မနာသာမဖြစ်စေရန်နှင့် တရားဖြောင့်မတ်မှန်ကန်ရေးကို ရှေးရှုပြီးတော့ အဲဒီလိုအမှုများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ ခြွင်းချက်အရ ရုံးခန်းအတွင်းမှာ အမှုနှင့်သက်ဆိုင်သူများမှတစ်ပါး အခြားပြင်ပလူများ ဝင်ရောက်ခြင်းမပြုသင့်ဟု ယူဆလာလို့ရှိရင် ဝင်ရောက်ခွင့်မပြုဘဲ အဆိုပါအမှုများကို တံခါးပိတ်ပြီးတော့ IN Camera စစ်ဆေးရန်ညွှန်ကြားလွှာ အမှတ်၊ ၂၀/၅၇ အရ ညွှန်ကြားထားရှိပါတယ်။

တရားရုံးများလက်စွဲအပိုဒ် ၄၈ မှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ အရ Section တရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးဟာ အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးနေတဲ့အတော အတွင်းမှာ သို့မဟုတ် စီရင်နေတဲ့အတွင်းမှာ ပြည်သူတစ်ရပ်လုံးကိုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကို ဖြစ်စေ မိမိတရားရုံးအဖြစ် အသုံးပြုတဲ့အခန်းအတွင်းမှာသော်လည်းကောင်း၊ အဆောက်အဦအတွင်းမှာ သော်လည်းကောင်း၊ မိမိသဘောအတိုင်း ထုတ်ပယ်ခွင့်အာဏာရှိသည်။ တရားရုံးအတွင်း ငြိမ်ဝပ်မှုထိန်းသိမ်းရန်နှင့် နှောင့်ယှက်မှုများကို တားဆီးရန်လိုအပ်သည့် စီမံမှုများကို ဆောင်ရွက်ရန် ထိုတရားသူကြီးနှင့် အခွင့်အာဏာရှိတယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ တရားရုံးများဟာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများနှင့်အညီ ကန့်သတ်ထားတဲ့အမှုများမှအပ ပြည်သူလူထုရှေ့မှောက်မှာ တရားစီရင်လျက်ရှိပါတယ်။ တရားရုံးများမှာ အများပြည်သူများဟာ အတား အဆီးမရှိ ဝင်ရောက်နားထောင်ခွင့် ပြုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အကယ်၍ တရားရုံးများမှာ တရားစီရင်ရာမှာ စိတ်ဝင်စားတဲ့ပြည်သူများ ဝင်ရောက်နားထောင်ရာမှာ တားဆီးမှုများရှိကြောင်း တိုင်ကြားလာလို့ရှိရင် လိုအပ်တဲ့စုံစမ်းမှုတွေပြုလုပ်ပြီး ပေါ်ပေါက်တဲ့အတိုင်း အရေးယူဆောင်ရွက်သွားမယ်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်လွင်၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းနှင့် စပ်လျဥ်းပြီးတော့လည်း တရားရုံးများမှာ ရေးသား လျှောက်လဲချက်လက်ခံနေခြင်းဟာ ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိပါကြောင်း ရှေးဦးစွာတင်ပြလိုပါတယ်။ အမှုစစ်ဆေးရာမှာ လိုက်နာရန်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေရှိပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေများမှာ ဒီလျှောက်လဲချက်တွေကို စာနဲ့ရေးသားပြီးတော့ တင်သွင်းခြင်း မပြုရဘူးလို့ တားမြစ်ထားတာမရှိပါဘူး။ သို့သော်လည်းပဲ တရားရုံးများလက်စွဲအပိုဒ် ၁၅၄ မှာတော့ ဒီတရားမမှုများကို စစ်ဆေးတဲ့နေရာမှာ ဆောင်ရွက်သင့်တဲ့ ယေဘုယျပြဋ္ဌာန်းချက်များဆိုပြီးတော့ ညွှန်ပြထားတာ တစ်ချက်တော့ရှိပါတယ်။ အဲဒီမှာက ဘာဆိုလဲဆိုတော့ ခုခံတဲ့တရားမမှုများမှာ စာဖြင့်ရေးသားထားတဲ့ လျှောက်လဲချက်တွေကို တင်သွင်းရန် ရှေ့နေတို့အား ခွင့်ပြုတဲ့အလေ့အထကို လိုက်နာခြင်းမပြုရန်နှင့် လျှောက်လဲချက်တွေကို တရားရုံးကို နှုတ်ဖြင့် လျှောက်လဲတင်ပြရမယ်လို့ ဖော်ပြထားတာရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း မှန်ပါတယ်။ အဲဒီတော့ တရားရုံးလက်စွဲဆိုတာကတော့ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းချက်တွေကို စုစည်းပြီးတော့ လက်စွဲအဖြစ် ဖော်ပြထားခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အပိုဒ် ၁၅၄ မှာဖော်ပြထားတဲ့ စာဖြင့်ရေးသားထားတဲ့ လျှောက်လဲချက်များကို တင်သွင်းရန်ခွင့်မပြုရဆိုတာနှင့်ပတ်သက်လို့ကတော့ သူ့မှာရည်ညွှန်းတဲ့ပုဒ်မ မပါပါဘူး။ တရားရုံးလက်စွဲစာပိုဒ် ၁၅၄ မှာ ကျန်တဲ့ ညွှန်ကြားချက်တွေမှာဆိုရင် ကျွန်တော်တို့ သက်ဆိုင်ရာပုဒ်မတွေကို ရည်ညွှန်းပြီးတော့မှ ထုတ်ပြန်လေ့ရှိပါတယ်။ စုစည်းထားပါတယ်။ သို့သော် လည်း ဒီမှာ ရည်ညွှန်းစာမပါတဲ့အတွက် ဒါဟာဆိုရင် ဥပဒေပြဋ္ဌာန်းချက်မရှိ၍ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားပါတယ်။ ဒီတရားရုံးများလက်စွဲဆိုတာက ၁၉၄၆ ခုနှစ်ကနေပြီးတော့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းကတော့ မြန်မာနိုင်ငံမှာ တရားရုံးတွေကလည်းနည်း၊ အမှုအရေအတွက်ကလည်း နည်းတဲ့ အခါကျတော့ အဲဒီအချိန်ကာလဖြစ်တဲ့အတွက် တရားရုံးမှာစွဲဆိုတဲ့ အမှုအရေအတွက်ကနည်းတဲ့အခါ တရားရုံးမှာ လာရောက်သက်သေခံတဲ့ သက်သေတွေကို တစ်နေ့ပြီးတစ်နေ့စစ်ဖို့၊ တစ်နေ့ပြီးတစ်နေ့ ဆက်လက်ပြီး ကြားနာဖို့ ဒီသက်သေခံချက်တွေကို ရေးမှတ်ပြီးလျှင်ပြီးချင်းမှာပဲ ရှေ့နေနဲ့တရားသူကြီး နှစ်ဦးစလုံးရဲ့စိတ်မှာ ကောင်းစွာအမှတ်ရလျက်ရှိတဲ့အချိန်မှာပဲ ကျွန်တော်တို့ လျှောက်လဲချက်တွေကို နားထောင်ပြီးတော့ စိတ်ထဲမှာအမှတ်ရနေတဲ့အချိန်မှာပဲ လျှောက်လဲချက်ကို ကြားနာဖို့ အဲဒီလိုကြားနာတဲ့အခါမှာ နှုတ်နဲ့လျှောက်လဲဖို့ဆိုပြီးတော့ ယေဘုယျ ညွှန်ကြားထားခြင်းဖြစ်ပါတယ်။ ဆိုလိုတာကတော့ စိတ်ထဲမှာ ချက်ချင်းမှတ်မိနေအောင်လို့ ချက်ချင်းမှတ်မိနေတဲ့အချိန်မှာပဲ သက်သေ တွေကိုစစ် စစ်ပြီးတာနဲ့ပဲ လျှောက်လဲချက်နားထောင် နားထောင်တဲ့အခါမှာတော့ စိတ်နဲ့မှတ်ထား

မှတ်ထားပြီးတဲ့အခါမှာတော့ စီရင်ချက်ချလို့ ဒီလိုရှေးတုန်းက ဒီလိုညွှန်ကြားခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလိုညွှန်ကြားခဲ့တာ အခုချိန်မှာ ဆိုရင်တော့၊ ဒီညွှန်ကြားချက်ဟာဆိုရင်တော့ ခေတ်နှင့်လျော်ညီမှုမရှိတော့ပါဘူးလို့ တင်ပြလိုပါတယ်။ ဒီအချိန်မှာတော့ တရားရုံးတွေကလည်း များလာ၊ အမှုတွေကလည်းများလာတဲ့အခါကျတော့ တရားရုံးတစ်ရုံးဟာဆိုရင် အမှုကိုတစ်မှုတည်းပဲ စစ်ဆေးတာမဟုတ်ပါဘူး။ တစ်နေ့တစ်နေ့ အမှုတွေကလည်း အများကြီးစစ်ဆေးရပါတယ်။ နောက် လျှောက်လဲချက်နားထောင်ဖို့ဆိုတာလည်း အခု လေးငါးဆယ်ခု တစ်နေ့တစ်နေ့မှာ နားထောင်ရပါ တယ်။ ဒီလိုနားထောင်ရတဲ့အတွက် ဒီလိုနားထောင်တဲ့အချိန်မှာ နှုတ်နဲ့တင်ပြတဲ့လျှောက်လဲချက်ကို ကောင်းမွန်စွာ အမှတ်ရနေဖို့ဆိုတာက အခုအခြေအနေမှာတော့ မဖြစ်နိုင်တဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလျှောက်လဲချက်နားထောင်ပြီးတော့လည်း နှစ်ပတ်သုံးပတ်ရှိမှ တချို့ တစ်လရှိမှ စသည်ဖြင့် အမိန့်ချတဲ့အခါကျတော့ ဒီလျှောက်လဲချက်ကာ ဘာလျှောက်လဲထားတယ်ဆိုတာ ကျွန်တော်တို့ မှတ်မိဖို့မလိုပါဘူး။ ဒါကြောင့်မို့လို့လည်း လျှောက်လဲချက်အပြည့်အစုံတွေကို မှတ်မိနိုင်စေခြင်းဟာ သက်ဆိုင်ရာရှေ့နေက နှုတ်နဲ့လျှောက်လဲတာနဲ့ နှုတ်နဲ့လျှောက်လဲတာနဲ့အတူ ရေးသားလျှောက်လဲချက်တင်သွင်းတာကို ခွင့်ပြုရခြင်းဖြစ်ပါတယ်။ အဲဒီလိုခွင့်ပြုတာကိုလည်းပဲ တခြားနိုင်ငံတွေမှာလေ့လာတဲ့အခါကျတော့လည်း ကျွန်တော်တို့ ဒီနိုင်ငံတွေမှာလည်း အခုအခါမှာ တရားရုံးများမှာ နှုတ်နဲ့လျှောက်လဲတာရော၊ ရေးသားလျှောက်လဲတာရော နှစ်မျိုးစလုံးကို ခွင့်ပြုနေတာ ကို တွေ့ရပါတယ်။ အထူးသဖြင့် အခုလို အမှုတွေများပြားလာတဲ့ အချိန်အခါမျိုးမှာကျတော့ ရေးသားလျှောက်လဲချက်တင်ဖို့ကို ပိုပြီးတော့ ကျွန်တော်တို့ အားပေးတာကို တွေ့ရပါတယ်။ တရားရုံးများက။ နှုတ်နဲ့တင်ပြတဲ့အခါမှာ ရှည်လျားပြီးတော့ အချိန်ကုန်တဲ့အတွက် ရေးသားလျှောက်လဲ ချက်တင်၊ ရေးသားလျှောက်လဲချက်တင်တဲ့အခါကျတော့ ရေးသားလျှောက်လဲချက်ထဲမှာ ပြည့်ပြည့်စုံစုံ အချက်အလက်တွေပါမယ်။ တင်ပြလိုတဲ့ စီရင်ထုံးတွေပါမယ်။ ကိုးကားတဲ့ဥပဒေတွေပါမယ်။ ဒီလိုပါတဲ့ အတွက် ရေးသားလျှောက်လဲချက်တင်သွင်းခြင်းအားဖြင့် အမှုသည်ရော၊ နှစ်ဖက်ရှေ့နေရှေ့ရပ်များ ရော တရားရုံးများအတွက်လည်း အကျိုးရှိပါတယ်လို့ တင်ပြလိုပါတယ်။

အဲဒီတော့ တရားရုံးက အမှန်တရားကို ဖော်ထုတ်ပြီးဆုံးဖြတ်တဲ့နေရာမှာ ရေးသားလျှောက်လဲ ချက် တင်သွင်းခြင်းဟာ အင်မတန်မှကို အထောက်အကူပြုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ဒီလို ရေးသားလျှောက်လဲချက်ကို ခွင့်ပြုခြင်းအားဖြင့် မိမိတို့တင်ပြတဲ့အချက်အလက်အားလုံးကို ပြည့်ပြည့် စုံစုံ သက်ဆိုင်ရာတရားသူကြီးက သိရှိနိုင်တာဖြစ်ပါတယ်။ သိရှိနိုင်တာဖြစ်တဲ့အတွက် မိမိတို့တင်ပြတဲ့

အပေါ်မှာ ပြည့်ပြည့်စုံစုံသုံးသပ်ပြီးတော့ ဒါဟာဆို တင်ပြချက်အချက်ဟာ မှန်တယ်၊ မှားတယ် ဥပဒေနဲ့ ညီတယ်၊ မညီဘူးစသည်ဖြင့် ဒီလိုတင်ပြပြီးတော့ ဆုံးဖြတ်ပေးနိုင်တဲ့အခွင့်အရေးလည်း သက်ဆိုင်ရာ ရှေ့နေနဲ့အမှုသည်များ ရရှိမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီလိုလျှောက်လဲချက်တွေကို သက်ဆိုင် ရာ အမှုတွဲမှာလည်း တွဲထားမှာဖြစ်တဲ့အတွက် ဒီအမှုအဆင့်ဆင့်ဟာ အယူခံမှု၊ ပြင်ဆင်မှုအဆင့်ဆင့် တင်သွင်းသွားတဲ့အခါကျတော့လည်း အထက်တရားရုံးများက ဒီအောက်ရုံးများမှာ သက်ဆိုင်ရာ အမှု သည်များက ဘာတွေလျှောက်လဲခဲ့ကြသလဲ၊ ဘာတွေပြောလဲ၊ တရားရုံးက ချမှတ်တဲ့ဥစ္စတွေက မှန်ကန် ရဲ့လား၊ မမှန်ဘူးလား။ ဒီလျှောက်လဲချက်မှာပါတဲ့ အချက်အလက်တွေကို စိစစ်ဆုံးဖြတ်နိုင်ဖို့ ဖြစ်ပါ တယ်။ ဒါမှာပြန်ပြီးတော့ ဒီလျှောက်လဲချက်မှာ ပြည့်ပြည့်စုံစုံဖော်ပြထားတယ်ဆိုလို့ရှိရင် ဒီတရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မှားခဲ့သည်ရှိသော် ဥပဒေနှင့်အညီ စိစစ်တဲ့အခါမှာ ကိုက်ညီမှုရှိသော်ချက်ချင်းပဲ ကျွန်တော်တို့ တရားရုံးက သိရှိနိုင်တာဖြစ်ပါတယ်။ ဒါတွေရဲ့ အကျိုးကျေးဇူးဟာ သက်ဆိုင်ရာ အမှုသည်နဲ့ ရှေ့နေများကရရှိမယ့်အကျိုးကျေးဇူးဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိအခြေအနေမှာလည်း ဒီလိုရေးသားလျှောက်လဲချက်တင်သွင်းခြင်းကို အမှုသည်များကရော ရှေ့နေများကပါ လိုလိုလားလား ရှိတာ ကျွန်တော်တို့တွေ့ရှိရပါတယ်။ အဲဒီတော့ တင်ပြတဲ့အတိုင်းပဲ ၎င်းတို့ရဲ့အကျိုးကို အကျိုးပြုမှာ ဖြစ်တဲ့အတွက် ဒီလိုရေးသားလျှောက်လဲချက်တင်သွင်းခြင်းကို သူတို့ကန့်ကွက်ခြင်းမရှိကြောင်းလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကို အချုပ်အားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင်တော့ ရှေ့နေများက ရေးသား လျှောက်လဲချက်တင်ပြခြင်းဟာ ဥပဒေနှင့်ဆန့်ကျင်မှုမရှိပါကြောင်းနှင့် တရားရုံးများက အမှန်တရား များကို ဖော်ထုတ်ဆုံးဖြတ်တဲ့နေရာမှာလည်း များစွာမှ အထောက်အကူပြုရန်ရှိတဲ့အတွက် ရေးသား လျှောက်လဲချက်တင်သွင်းခြင်းကို ရပ်ဆိုင်းဖို့အတွက် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးဆိုတာ ကြုံရာပြောပြီး ကြုံရာလုပ်လို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ ဥပဒေရှိတယ်။ နည်းဥပဒေရှိတယ်။ By Law တွေရှိတယ်။ ညွှန်ကြားချက်တွေရှိတယ်။ အားလုံးလိုက်နာရပါတယ်။ ခေတ်နဲ့မမီလို့လို့၊ ဘာတို့ညာတို့၊ ကျွန်တော် ပြောတဲ့ BCM ဆိုတာ ၁၉၉၉ ခုနှစ် စတုတ္ထအကြိမ် တည်းဖြတ်ထားတဲ့ BCM မှာ သူက တိတိကျကျ

ဆိုထားတာ။ ဆိုတဲ့အခါကျတော့ ခေတ်နဲ့မမီပါဘူး။ ကမ္ဘာကြီးကို လျှောက်ကြည့်ကြည့်ပါလား။ အခြား နိုင်ငံတကာမှာလည်း Argument တွေကိုပဲပေးရတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Argument ဆိုတဲ့ သဘောဟာ ကျွန်တော်နဲ့ အခုတစ်ဖက်က ပြည်ထောင်စုတရားသူကြီးနဲ့ပေါ့နော်။ ဆိုလို့ရှိရင် ဥက္ကဋ္ဌကြီး။ ကျွန်တော်ကတစ်ခုပြောတယ်။ ဒါကျွန်တော် Chief ပြောတယ်ပေါ့။ ဥက္ကဋ္ဌကြီးလည်း ရှေ့နေဆိုတော့ သိပါတယ်။ တစ်ဖက်က ပြည်ထောင်စုတရားလွှတ်တော်က တရားသူကြီးက ကျွန်တော့် ကို Cross လုပ်ပါတယ်။ ကျွန်တော်ကို Reply ပြန်လုပ်တယ်။ ကျွန်တော်ဟိုမှာကျတော့ မရှိတော့ဘူး။ ဟိုဘက်ကရှေ့နေကလည်း လျှောက်လွှာလေးတစ်စောင်တင်လိုက်။ ဒီဘက်ကလျှောက်လွှာလေး တစ်စောင်တင်လိုက်ဆိုတော့ ကျွန်တော်ငယ်ငယ်တုန်းကဆိုရင် ကျွန်တော်ရှေ့နေလိုက်တော့ ကျွန်တော့် ကို ကျွန်တော့်တရားခံက ပြောပါတယ်။ ငါသာထောင်ကျတယ်။ ငါ့ရှေ့နေက သိပ်အော်တာပဲဆိုတာ။ အခုက ဘာသံမှမကြားရတော့ဘူး။ တရားရုံးကြီးက ဘယ်လိုဖြစ်နေသလဲဆိုတော့ Quiet ၊ ပြီးတော့သူ က စီရင်ချက်ရေးရတာ လည်းအလွန်လွယ်ပါတယ်။ ကျွန်တော်ဆိုရင် အမှု ၅၀၀ လောက်ကို ခဏလေး အတွင်းမှာ ပြီးအောင်လုပ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလျှောက်လဲချက်တွေအားလုံးကို စာရေး ကိုပေးလိုက် တရားလိုကလျှောက်ထားသည်မှာ၊ တရားပြိုင်ကလျှောက်ထားသည်မှာ အောက်ပါတို့မှာ သို့ပါ၍ အမိန့် (၃)နှစ် အဲဒီလောက်ထိ လွယ်တယ်။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီကိုသွားတော့မယ်။ ဒီမိုကရေစီကိုသွားရင် မဏ္ဍိုင်ကြီးသုံးရပ်ကရှိတယ်။ တရားဥပဒေ၊ တရားစီရင်ရေးဟာ ခန့်ခန့်ညားညား၊ ထည်ထည်ဝါဝါနှင့် Argument တွေပေးလို့၊ ကျွန်တော်ဆိုအခု Junior Lawyer တွေမေးတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းမေးပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ဒီဟာကလည်း တစ်ဖက်က ပြည်ထောင်စုတရားသူကြီး ပြောသွားတဲ့ကိစ္စတွေဟာ ဥပဒေနဲ့အညီပြောတာ မဟုတ်ပါဘူး။ ဥပဒေကို မကိုးကားဘဲနဲ့ ဒီတိုင်းပဲ ထုံးစံနဲ့ ဓလေ့နဲ့ ပြောသွားပါတယ်လို့ ကျွန်တော်ပြောတဲ့အတိုင်းပဲ၊ ခုန ကျွန်တော်လျှောက်ထားတဲ့ အတိုင်းပေါ့နော် လျှောက်လဲချက်များကို တရားရုံးက လက်ခံနေခြင်းဟာ တရားဥပဒေနှင့်ဆန့်ကျင်နေပါဖြင့် ရပ်ဆိုင်းရန် ကျွန်တော်က တောင်းဆိုနေခြင်း ဖြစ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပထမဆုံး တင်ပြကတည်းကပါတယ်။ ဒီ BCM ဆိုတာ ဥပဒေမဟုတ်ပါ ဘူး။ ဒါကိုကျွန်တော် အဓိကတင်ပြခဲ့ပြီးဖြစ်ပါတယ်။ BCM ဆိုတာက ကျွန်တော်တို့ လက်စွဲဖြစ်ပါတယ်။ လက်စွဲဆိုတာကတော့ ဥပဒေပြဋ္ဌာန်းချက်တွေရှိတာကို ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ ထုတ်ထားတဲ့ စာအုပ်ဖြစ်ပါတယ်။ အဲဒီတော့ လျှောက်လဲချက်ပေးတာနဲ့ ပတ်သက်ပြီးတော့ သူ့မှာသက်ဆိုင်တဲ့ဥပဒေ က ရာဇဝတ်မှုဆိုလို့ရှိရင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမမှုဆိုရင် တရားမကျင့်ထုံးဥပဒေဆိုတာ ရှိပြီးသားပါ။ အဲဒီတော့ အဲဒီမှာမပါဘူးခင်ဗျား။ ကျွန်တော်တို့ ဒီကျင့်ထုံးဥပဒေတွေဟာ ဒီလျှောက်လဲ ချက်ကို ရေးသားလျှောက်လဲချက်မလုပ်ရဘူး။ နှုတ်နဲ့တင်ရမယ်လို့ ကန့်သတ်တားမြစ်ချက်တွေ မရှိပါဘူး။ ဒါပထမဦးဆုံးကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောတာ ဥပဒေနဲ့မညီပြောတာမဟုတ်ဘဲနဲ့ ဥပဒေနဲ့အညီပြောခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရေးသားလျှောက်လဲချက်ကို ဘာကြောင့်မို့လို့ မတင်သွင်းရဘူးလို့ပြောနေတာကို ကျွန်တော်နားမလည် ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ဒီရေးသားလျှောက်လဲချက် တင်သွင်းခြင်းဟာ ဘာမှ ဘယ်သူ့မှမထိခိုက်တဲ့အပြင် အကျိုးရှိတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ သို့သော် ဒီမှာလည်း ကျွန်တော်တို့ တရားရုံးကလည်း ဒီရေးသားလျှောက်လဲချက်တင်ပုံလည်းမဟုတ်ဘူး နှုတ်နဲ့ လည်းတင်ပြခွင့် ပေးနေတာပါ။ အကယ်၍နှုတ်ဖြင့် တင်ပြခွင့်မပေးလို့ ရေးသားလျှောက်လဲချက်တစ်ခု လည်းပဲပေးတယ်ဆိုရင်တော့ နှုတ်နဲ့မတင်ပြရလို့ ဒီရေးသားလျှောက်လဲချက်တင်သွင်းတာကို ကန့်ကွက်တယ်ဆိုရင်တော့ တစ်မျိုးဖြစ်ပါလိမ့်မယ်။ ဒီမှာတော့ ကျွန်တော်တို့တရားရုံးက နှစ်မျိုးလုံးကို ခွင့်ပေးပါတယ်။ ရေးသားလျှောက်လဲချက်တင်သွင်းတာကိုလည်း ခွင့်ပေးတယ်။ ကျွန်တော်တို့ နှုတ်နဲ့တင်ပြတာကိုလည်းခွင့်ပေးပါတယ်။ နှုတ်နဲ့တင်ပြတဲ့အခါမှာ ကြိုက်သလောက် တင်ပြလို့ရပါ တယ်။ ကျွန်တော်တို့အချိန်အခါကန့်သတ်မှုမရှိပါဘူး။ တခြားနိုင်ငံတွေမှာဆိုရင် ကန့်သတ်ပါတယ်။ နှုတ်နဲ့တင်ပြတဲ့အချိန်ကို ဘယ်အချိန်အတွင်းမှာပဲ တင်ပြရမယ်။ ကန့်သတ်တာမျိုးရှိပါတယ်။ စင်ကာပူ နိုင်ငံမျိုးဆိုရင် လျှောက်လဲချက်ပေးရတဲ့အချိန်ကို နာရီဘယ်လောက်ကျော်သွားရင် ဘယ်လောက် လျှောက်လဲချက်တင်ပြမယ့် Argument Fee လို့ ခေါ်ပါတယ်။ ပေးရမယ်။ ဒီလိုကန့်သတ်ချက်တွေရှိ ပါတယ်။ ဒီလို နှုတ်နဲ့တင်ပြခြင်းအားဖြင့် နှုတ်နဲ့တင်ပြကိစ္စတွေမှာ ဒီလိုအကန့်အသတ်တွေ အများကြီး

ရှိလာပါတယ်။ အဲဒီတော့ ဒီရေးသားလျှောက်လဲချက်ကတော့ ကြိုက်သလောက်ရေးသားတင်ပြလို့ရပါတယ်။ တစ်မျက်နှာ၊ နှစ်မျက်နှာရေးလည်းရတယ်။ သူရဲ့သဘောပါပဲ။ စာမျက်နှာ ၁၀၀ လောက်ရေးလည်း တင်ပြလို့ရပါတယ်။ တတ်နိုင်သမျှ ပြည့်စုံအောင်ရေးသားလို့ ရပါတယ်။ ကျွန်တော်တို့ တရားရုံးများက လက်ခံပေးပါတယ်။ ဆိုတော့ ကျွန်တော်ပြန်ပြီးချုပ်ရရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးသားလျှောက်လဲချက်တင်သွင်းခြင်းဟာ၊ ခွင့်ပြုခြင်းဟာ ဘယ်သူ့ကိုမှ ထိခိုက်ခြင်းမရှိတဲ့အပြင် ကျွန်တော်တို့ သက်ဆိုင်ရာအမှုသည်များကလည်း ဒါလေးတင်တာကို ဘာမှကန့်ကွက်မှုမရှိပါဘူး။ ဒါနဲ့ပတ်သက်လို့ အခက်အခဲမရှိပါဘူး။ အထူးသဖြင့် အခုက အခက်အခဲတွေထဲက တင်ပြတဲ့သဘောလို့ ကျွန်တော်နားလည်ပါတယ်။ အခု ဘာအခက်အခဲမှလည်း မရှိပါဘူး။ မရှိတဲ့အပြင် သက်ဆိုင်ရာတရားရုံးက အမှန်တရားကို ဖော်ထုတ်တဲ့နေရာမှာ ထိရောက်စွာအထောက်အကူပြုနိုင်တာဖြစ်တဲ့အတွက် ဒီရေးသားလျှောက်လဲချက်တင်သွင်းခြင်းကိုတော့ ကျွန်တော်တို့က အခုချိန်မှာ ရပ်စဲဖို့အတွက် အစီအစဉ်မရှိပါကြောင်း ထပ်ဆင့်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံပြောပါမယ်။ နှုတ်နဲ့လျှောက်လဲချက် သက်သက်ကြီးပဲဆိုလို့ရှိရင်လည်း တရားသူကြီးက တစ်ခါတစ်ခါကြတော့ ကိုယ့်အားရုံနဲ့ကိုယ် တစ်ခြားရောက်နေရင် ဘာလျှောက်လဲသွားမလဲမသိဘူး။ ဘယ်ဥပဒေအချက်အလက် ကိုးကားသွားမလဲ မသိဘူး။ ဘယ် issue ကို ထုတ်သွားမလဲ မသိဘူးဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့လို့ နှုတ်နဲ့လျှောက်လဲချက် သက်သက်ကြီးကလဲ အဆင်မပြေပါဘူး။ အခုနက ပြောသလိုပဲ စီရင်ချက်ရေးခါနီးကျတော့မှ တစ်ဖက်နဲ့တစ်ဖက် နှုတ်နဲ့ လျှောက်လဲချက်ကို အပြည့်အစုံပြန်မှတ်မိဖို့ဆိုတာကလည်း မလွယ်ပါဘူး။ ထို့အတူပဲ ရေးသားလျှောက်လဲချက်သက်သက်ကြီးပဲလည်း အဆင်မပြေပါဘူး။ ရေးသားလျှောက်လဲချက်သက်သက်ကြီးပဲဖြစ်တဲ့အခါကျတော့ တစ်ဖက်ကအကျိုးဆောင်က ဘာရေးတယ်ဆိုတာ ဒီဘက်ကအကျိုးဆောင်က မသိနိုင်ဘူး။ မသိနိုင်တဲ့အခါကျတော့ တစ်ဖက်က ကိုးကားတဲ့ဥပဒေအချက်အလက် သူလိုရင်းဆွဲတဲ့ Issue က မှန်တယ်၊ မှားတယ်ဆိုတာလည်း တစ်ဖက်ကပြန်ပြီးတော့ မထောက်ပြနိုင်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အတွေ့အကြုံနဲ့ပြောမယ်ဆိုရင် နှုတ်နဲ့လျှောက်လဲချက်လည်း လိုအပ်သလို၊ ရေးသားလျှောက်လဲချက်လည်း လိုအပ်ပါတယ်။ နှစ်ခုစလုံးလိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနက တရားစီရင်ရေးမူမှာရှိပါတယ်။ အများပြည်သူရှေ့မှောက်တွင် တရားစီရင်ခြင်းဆိုတာ တိုက်ရိုက် အဓိပ္ပာယ်လည်း ပါပါတယ်။ နှုတ်နဲ့လည်းလျှောက်လဲဖို့လည်း လိုတယ်။ တရားသူကြီးတွေပြန်ကြည့်လို့ရအောင်၊ စီရင်ချက်တစ်ခုရေးချင်ရင် ပြန်ကိုးကားလို့ရအောင် နှစ်ဖက်ရဲ့ဥပဒေသုံးသပ်ချက်ကို

ကြည့်လို့ရအောင် ရေးသားလျှောက်လဲချက်လည်း လိုပါတယ်။ နောက်တစ်ခုက ခုနကလိုအများ ပြည်သူရှေ့မှောက်တွင် တရားစီရင်ခြင်းဆိုတာက တရားစီရင်တဲ့အခါမှာ အမှန်တရားကို ဆုံးဖြတ်တယ်လို့ တရားသူကြီးက ကိုယ့်ဟာကိုယ်ယူဆနေလို့မရပါဘူး။ ကိုယ့်ဟာကိုယ်သတ်မှတ်လို့မရပါဘူး။ အများပြည်သူကနေပြီးတော့ အမှန်တရားကို ဆုံးဖြတ်တယ်လို့ သတ်မှတ်မှ တရားစီရင်ရေးမဏ္ဍိုင်က တည့်မတ်နိုင်မှာပါ။ ဒါကြောင့်မို့လို့ နှစ်ခုစလုံး လိုအပ်သလို တရားစီရင်ရေးမူမှာပါတဲ့ အများပြည်သူ ရှေ့မှောက်မှာ တရားစီရင်ခြင်းလည်း ဖြစ်ဖို့လိုအပ်ပါတယ်။ အမှန်တရားကို ဆုံးဖြတ်ကြောင်းကိုလည်း အများပြည်သူသိဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးမဏ္ဍိုင်အနေနဲ့ ခုနက ရှင်းလင်းတင်ပြသလိုပဲ ဒီဟာလေးတွေကို လက်တွေ့ကျကျအပြင်မှာ တရားရုံးတိုင်းမှာ ဖြစ်ပျက်နေတာကို ကြိုးပမ်းဆောင်ရွက်ပေးဖို့ လွှတ်တော်ကအသိပေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က အစိုးရသစ်၏ လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတားအနှောင့်အယှက်ဖြစ်နေသော မူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ခင်နှင်းသစ်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ်ပါတယ်။ အဲဒီအဆိုကတော့ အစိုးရသစ်ရဲ့လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့ကို အဟန့်အတားအနှောင့်အယှက်ဖြစ်နေသော မူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ယခုအစိုးရသစ်တက်လာချိန်မှာ ပြည်သူအများစုအနေနဲ့ ယုံကြည်မှုများ၊ အားကိုးမှုများ၊ မျှော်လင့်ချက်

များစွာရှိနေကြပါတယ်။ အစိုးရမှာလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စီမံကိန်းများချမှတ်ကာ ဆောင်ရွက်နေသော်လည်း လူထုကြားမှာ ကာလကြာရှည်စွာ အမြစ်တွယ်ခဲ့တဲ့ပြဿနာများစွာ ကျန်ရှိနေပါတယ်။ အဲဒီပြဿနာတွေထဲမှာ ပြည်သူများရဲ့လွတ်လပ်မှု၊ လုံခြုံမှုတွေကိုခြိမ်းခြောက်ပြီး အကြောက်တရားများနှင့် လူ့အခွင့်အရေးဆုံးရှုံးစွာရှင်သန်နေရတဲ့ ပြည်သူအများစုအတွက် မူခင်းကျဆင်းရေးဆိုတာ အဓိကပါဝင်နေပါတယ်။ မှုခင်းများဟာ မြန်မာတစ်နိုင်ငံလုံးမှာဖြစ်ပွားနေတဲ့ကိစ္စဖြစ်လို့ ပြည်သူတစ်ရပ်လုံးနဲ့ပတ်သက်တဲ့ ပြဿနာကြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ Power Point ထဲမှာ အဆိုနှင့်ပတ်သက်တဲ့အချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများ၊ မျှော်လင့်ချက်ပုံရိပ်များပါရှိပါတယ်။ အချိန်အတိုင်းအတာအရ သီးခြားတစ်ခုချင်းစီရှင်းမပြတော့ပါဘူးရှင်။ အဆိုနှင့်ပတ်သက်ပြီး ရှင်းပြရာမှာ (၁) မြန်မာနိုင်ငံရဲ့ မှုခင်းဖြစ်ပွားမှုနဲ့ တရားဥပဒေစိုးမိုးမှုအခြေအနေများ၊ (၂) မှုခင်းအမျိုးအစားများနဲ့ အမှုဖြစ်ရခြင်းရဲ့ ဆက်နွယ်မှုများ၊ (၃)ရဲလုပ်ငန်းရဲ့ အရေးပါသော အခန်းကဏ္ဍ၊ (၄)မှုခင်းကျဆင်း၍ ရရှိလာမည့်အကျိုးဆက်များဆိုပြီးတော့ အပိုင်း(၄)ပိုင်းခွဲပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်ရှင်။ အဆိုတင်သွင်းမှုရဲ့ အပိုင်း(၁)ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ မှုခင်းဖြစ်ပွားမှုနဲ့ တရားဥပဒေစိုးမိုးမှုအခြေအနေများကို တင်ပြရမယ်ဆိုရင် ကမ္ဘာ့တရားစီရင်ရေးစီမံကိန်း၊ တရားဥပဒေစိုးမိုးရေးညွှန်းကိန်း ၂၀၁၄ ခုနှစ်အရ ဒေသတွင်းနိုင်ငံ ၁၅ နိုင်ငံမှာ မြန်မာနိုင်ငံဟာ အဆင့် ၁၄ နေရာမှာ ရပ်တည်နေပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၉၉ နိုင်ငံအနက် အဆင့် ၈၉ နေရာမှာ ရပ်တည်နေခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နှစ်စဉ်ထုတ်ပြန်တဲ့ ၂၀၁၅ ခုနှစ်အတွက် အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး နိုင်ငံဖြစ်တဲ့အပြင် မူးယစ်ဆေးဝါးကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရန် ပျက်ကွက်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်မှာ လူသတ်မှုပေါင်း ၁၃၀၅ မှု၊ မုဒိန်းမှုပေါင်း ၇၃၄ မှု၊ ဖောက်ထွင်းမှုပေါင်း ၄၆၇၁ မှု ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ လူသတ်မှုပေါင်း ၁၃၃၃ မှု၊ မုဒိန်းမှုပေါင်း ၇၄၁ မှု၊ ဖောက်ထွင်းမှုပေါင်း ၅၂၂၉ မှု ဖြစ်ခဲ့တဲ့အတွက်ကြောင့် ၂၀၁၃ ခုနှစ်ထက် ၂၀၁၄ ခုနှစ်ဟာ ပိုပြီးတော့ အမှုတွေတိုးပြီးဖြစ်နေတယ်ဆိုတာကို မြင်တွေ့နိုင်တာ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၅ ခုနှစ်မှာ ရန်ကုန်မြို့တစ်မြို့ထဲမှာပင် လူသတ်မှုပေါင်း ၁၉၁ မှု၊ လုယက်မှုပေါင်း ၆၇ မှု၊ မုဒိန်းမှုပေါင်း ၉၂ မှု၊ ဖောက်ထွင်းမှုပေါင်း ၄၆ မှုဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း လူသတ်မှုနှင့် လုယက်မှုတို့မှာ အရင်နှစ်တွေထက် ရန်ကုန်တိုင်းဒေသကြီးမှာ ပိုပြီးတော့ အဖြစ်များကြောင်း မှုခင်းရဲ့ ဖြစ်နှုန်းတွေကလည်း ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် လျော့ကျခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးမှာ ခြောက်ကြိမ်ရှိခဲ့ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ တာချီလိတ်မြို့၊ စစ်တွေမြို့တို့မှာ ဖြစ်ပါတယ်။ ယာဉ်တိုက်မှုများကြောင့်လည်း ၂၀၀၇ ခုနှစ်မှာ သေဆုံးမှု ၂.၂ ရာခိုင်နှုန်းကနေ ၂၀၁၅ ခုနှစ်မှာ ၈.၄ ရာခိုင်နှုန်းအထိ ၄ ဆခန့်တိုးလာ ကြောင်းကို တွေ့ရှိရပါတယ်။ လောင်းကစားမှုမှာလည်း ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်နိုင်ငံလုံးမှာ ၁၄၁ မှုဖြစ်ခဲ့ပြီး ရန်ကုန်မြို့မှာ အများဆုံးဖြစ်ခဲ့ပါတယ်။ ယခု ၂၀၁၆ ခုနှစ် အစိုးရသစ်တက်လာပြီးတဲ့ အချိန်မှာလည်း မင်းမဲ့စရိုက်ဆန်တဲ့ လူသတ်မှုတွေ၊ သက်ငယ်မုဒိန်းမှုတွေနဲ့ အမှုကြီးတွေဟာ ယနေ့တိုင်ဖြစ်ပွားနေဆဲပဲဖြစ်ပါတယ်။ အထက်ပါကိန်းကဏန်းများကို ဖော်ပြရခြင်းမှာ မှုခင်းကျဆင်းရေးဟာ တရားဥပဒေစိုးမိုးရေးရဲ့ အဓိကအစိတ်အပိုင်းဖြစ်နေဖို့ပါပဲ။ ဒါ့အပြင် အနာသိဆေးရှိဆိုတဲ့ စကားပုံလို ကိုယ့်နိုင်ငံမှာရှိနေခဲ့တဲ့ အခြေအနေတွေကိုသိအောင် ပြီးတော့အဖြေရှာဆောင်ရွက်နိုင်အောင်လို့ တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုတင်သွင်းမှုရဲ့ အပိုင်း(၂)ဖြစ်တဲ့ မှုခင်းအမျိုးအစားနှင့် အမှုဖြစ်ရခြင်းရဲ့ဆက်နွယ်မှုများကို တင်ပြရမယ်ဆိုရင် မှုခင်းဖြစ်ပွားရခြင်းရဲ့ အကြောင်းအရင်းထဲမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စိတ်ဓာတ်ရေးရာ ပျက်ယွင်းမှုများအားလုံးနဲ့ ဆက်စပ်နေပါတယ်။ အမှုဖြစ်ရခြင်းရဲ့ ဆက်နွယ်မှုများမှာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိလို့ဖြစ်ရတဲ့ မူးယစ်ဆေးဝါးအမှုအပါအဝင် အမှုကြီးများ၊ နယ်စပ်လုံခြုံရေးမရှိလို့ဖြစ်ရတဲ့ လူကုန်ကူးမှုများ၊ ဆင်းရဲမွဲတေမှုကြောင့်ဖြစ်ရတဲ့ ခိုးဆိုးနှိုက်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းမရှိလို့ဖြစ်ရတဲ့ လောင်းကစားမှုများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းမလိုက်နာလို့ဖြစ်ရတဲ့ ယာဉ်တိုက်မှုများ၊ လိုင်စင်မဲ့အရက်များ ယစ်မျိုးမှုများကြောင့်ဖြစ်ရတဲ့ လူသတ်မှု၊ မုဒိန်းမှုများ၊ တရားရုံးများမှ အမိန့်ချမှတ်ရာမှာ ထိရောက်ဟန့်တားတဲ့ ပစ်ဒဏ်တွေမချမှတ်တဲ့အတွက်ကြောင့် ထပ်မံဖြစ်ပွားရသော မှုခင်းများ၊ ထောင်စနစ်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်တွေရဲ့ လိုအပ်ချက်ကြောင့် ထပ်မံဖြစ်ပွားရသော မှုခင်းများ စသည်ဖြင့် အခြေအနေများစွာရှိပါတယ်ရှင်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ အဆိုတင်သွင်းမှုရဲ့ အပိုင်း(၃)ဖြစ်တဲ့ ရဲလုပ်ငန်းရဲ့အရေးပါသော အခန်းကဏ္ဍကို ဆက်လက်တင်ပြရမယ်ဆိုရင် ပစ်မှုများရှိနေတဲ့ဝန်းကျင် ပြည်သူလူထုက လုံးခြုံရေးအတွက် စိုးရိမ်မှုရှိနေတဲ့ဝန်းကျင်၊ အမိန့်အာဏာသက်ရောက်မှု မရှိတော့တဲ့ဝန်းကျင်မှာ တရားဥပဒေစိုးမိုးမှုမရှိနိုင်တော့တဲ့အတွက် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အထူးသတိပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံသားများ၊ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေများကိုလိုက်နာရန် ဥပဒေပါတာဝန်များထမ်းဆောင်နိုင်ရန်ကိုလည်း ကူညီဆောင်ရွက်ပေးရမှာ ရဲများက အဓိကတာဝန်ရှိပါတယ်။ တစ်နည်းအားဖြင့် အပစ်မရှိတဲ့သူကို ကာကွယ်ရန်နဲ့ အပစ်ရှိသူများကို ဖမ်းဆီးရန်တာဝန်များကို ရဲများမှဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရဲဝန်ထမ်းအနေနဲ့ လူဦးရေ ၁၀၀၀ မှာ တစ်ဦးခန့်သာရှိနေတဲ့အတွက်ကြောင့် နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကြည့်မယ်ဆိုရင် ရဲဖွဲ့စည်းပုံဟာ သုံးပုံတစ်ပုံခန့်သာရှိသေးတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ပိုင်ရှင်မဲ့သစ်များဖမ်းဆီးရမိခြင်း၊ ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်းများကို ရဲတပ်ဖွဲ့များအနေနဲ့ အမှုတရားခံများကို အလျင်အမြန်ဖော်ထုတ်ကာ ထိထိရောက်ရောက် အရေးယူခြင်းများပြုလုပ်နိုင်ရန်နဲ့ အိမ်နီးချင်းနိုင်ငံများနည်းတူ အရေးယူမှုများ ပြုလုပ်နိုင်လျှင် မှုခင်းကျဆင်းရေးကို ထိရောက်စွာတားဆီးနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒါ့အပြင် ရဲများစွမ်းဆောင်ရည်ထက်မြက်စေရန် လိုအပ်သော အထောက်အကူများ၊ နည်းပညာများ၊ ပံ့ပိုးပေးရမှာပါ။ ရဲများမှာ မှုခင်းဖြစ်မှ ကူညီပြီးဖမ်းဆီးပေးတာထက် ဖြစ်လာလတ္တံ့သော မှုခင်းများကို ကာကွယ်နိုင်ရန် ပိုပြီးတော့လိုအပ်ပါတယ်။ မှုခင်းအဖြစ်များတဲ့ ဒေသတွေမှာ ပြည်သူများအား အသိပညာပေးခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်သူများနဲ့ ကြိုတင်ပူးပေါင်းဆောင်ရွက်ခြင်းများကို ယခုထက်ပိုပြီး ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုတင်သွင်းမှုရဲ့အပိုင်း(၄)ဖြစ်တဲ့ မှုခင်းကျဆင်းရင် ရရှိလာမယ့်အကျိုးဆက်များကိုတင်ပြရမယ်ဆိုရင် မှုခင်းဖြစ်ပွားမှုမှာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်တွေနဲ့ အချိုးကျနေတာမို့ မှုခင်းကျဆင်းရင် တရားဥပဒေစိုးမိုးမှုရှိပါမယ်။ တရားဥပဒေစိုးမိုးရင် ကောင်းမွန်တဲ့အုပ်ချုပ်ရေးရဲ့ အဓိက ဝိသေသလက္ခဏာနဲ့ ပြည့်စုံမှုရှိပါမယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံတကာဆက်ဆံရေးတွေ တိုးတက်ကောင်းမွန်လာမှာဖြစ်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့နိုင်ငံ၊ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံအဖြစ် ရပ်တည်လာနိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီနိုင်ငံရဲ့ အရည်အသွေး အကဲဖြတ်မှုကိုလည်း ခံနိုင်မှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ မူဝါဒထဲမှာပါဝင်တဲ့ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုး တိုးတက်မှုကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် အစိုးရသစ်ရဲ့လုပ်ငန်းစဉ်မှာပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတော်တည်ဆောက် ရေးတို့တွင် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသော မှူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင် ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်နှင်းသစ် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပန်းတောင်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့ အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတော်တည်ဆောက်ရေးတို့အား အဟန့်အတားအနှောင့်အယှက် ဖြစ်စေပါသဖြင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ လက်ရှိမြန်မာနိုင်ငံ၏ မှုခင်းမှတ်တမ်းများအရ မှုခင်းများ တစ်နှစ်ထက်တစ်နှစ်တိုးလာတာကို တွေ့ရှိနေရပါတယ်ရှင်။ မှုခင်းကျဆင်းရေးဆိုသည်မှာ ရဲစခန်း၊ တရားရုံးတွေမှာတိုင်ကြားမှုရှိလာမှ မှုခင်းအဖြစ်မှတ်ယူတဲ့မှုခင်းများတင် ဆိုလိုတာမဟုတ်ပါဘူး။ လာရောက်မတိုင်ကြားဘဲဖြစ်ပွားခဲ့တဲ့အမှုများလည်း ပါဝင်ပါတယ်။ ဒီအမှုတွေသာထည့်သွင်း ရေတွက် ရရင် မှုခင်းဖြစ်ပွားမှုနှုန်းဟာ ပိုမိုပြီးမြင့်တက်လာမှာဖြစ်ပါတယ်ရှင်။ မှုခင်းကျဆင်းရေးလုပ်ဆောင်ရန် အတွက် လိုအပ်သည့်အချက်အနည်းငယ်ကို ကျွန်မဆွေးနွေးချင်ပါတယ်ရှင်။ မှုခင်းကျဆင်းဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အချက်က တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်ရှင်။ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုရင် တရားမျှတမှုကလည်း အလွန်အရေးကြီးပါတယ်။ တရားမျှတမှုဆိုတဲ့နေရာမှာ ဥပဒေကို တန်းတူညီမျှ

စွာအသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ တရားမျှတခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများလွတ်လပ်မှုရှိခြင်းနှင့် အခွင့်အရေးများတန်းတူညီမျှခြင်းစတာတွေနဲ့ ဆက်စပ်နေပါတယ် ရှင်။ နောက်တစ်ခုကတော့ မှန်ကန်စွာသုံးသပ်နိုင်ခြင်းပဲဖြစ်ပါတယ်။ တရားဥပဒေတွေပြဋ္ဌာန်းထားပေမယ့် ပြည်သူလူထုအတွက် အသုံးချမှုမရှိရင် တရားဥပဒေစိုးမိုးရေးမရှိနိုင်ပါဘူး။ တရားဥပဒေစိုးမိုးရေးမှာဆိုရင် အဓိကအားဖြင့် ကဏ္ဍငါးခုကိုထောက်ပြချင်ပါတယ်ရှင်။ (၁) အမိန့်နှင့်လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုမရှိတဲ့နေရာဒေသများမှာ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ ပြည်သူလူထု၏ဘဝလုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်း။ (၂) တရားဝင်မှု၊ ပြည်ထောင်စုအစိုးရမှထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများသိရှိလာအောင်ပြုလုပ်၍ ပြည်သူလူထုကြား အမှန်တကယ်တရားဝင်မှုဖြစ်လာအောင် လုပ်ဆောင်ခြင်း။ (၃) စစ်ဆေးခြင်းနှင့်ထိန်းညှိမှု၊ သံသယရှိသူများကို ဖမ်းဆီးစစ်ဆေးရာတွင် အတင်းအဓမ္မ ခံဝန်လက်မှတ်ရေးထိုးခိုင်းခြင်းများမရှိစေရန် ရဲလုပ်ငန်းဥပဒေများအရ စနစ်တကျထိန်းညှိလုပ်ဆောင်ခြင်း။ (၄) တရားမျှတမှုရှိအောင်ဆောင်ရွက်ခြင်း။ (၅) ထိရောက်စွာအသုံးချမှု ထုတ်ပြန်ပြီးသော တရားဥပဒေများကို အမှန်တကယ်လိုက်နာခြင်းရှိစေရန်နှင့် ဖောက်ဖျက်ကျူးလွန်သူများကို ဥပဒေအတိုင်း တိကျစွာအရေးယူမှုပြုလုပ်ခြင်းဖြင့် ထိရောက်မှုရှိစေရန် ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တရားဥပဒေစိုးမိုးမှုရှိရင် မှုခင်းများကျဆင်းနိုင်သောကြောင့် ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် ကျွန်မတို့လွှတ်တော်အနေဖြင့် ခေတ်နှင့်လျော်ညီမှုမရှိတော့သည့်ဥပဒေများကို အမြန်ဆုံး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်သင့်ပါတယ်ရှင်။ လိုက်နာရမည့်ပြည်သူတွေကိုလည်း ဥပဒေနဲ့ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ဖို့လိုအပ်ပါတယ်ရှင်။ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းတွေဖြစ်တဲ့ ရဲတပ်ဖွဲ့ဝင်များနှင့် တရားရုံးများအဆင့်ဆင့်တွင်လည်း တရားမျှတစွာလုပ်ဆောင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အကျင့်ပျက်ခြစားမှုများ လျှော့ချခြင်းအပြင် တရားဥပဒေအတိုင်း ကျောသားရင်သားမခွဲခြားဘဲလုပ်ဆောင်လျှင် မှုခင်းများလျော့နည်းသွားနိုင်မှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံသည် အဆိုရှင်တင်ပြသည့်အတိုင်း နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးကို အင်တိုက်အားတိုက်ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါတယ်ရှင်။ ထို့အတူ လွှတ်တော်၊ အစိုးရ၊ ပြည်သူလူထု၊ သတင်းမီဒီယာများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံး ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်ရှင်။ ဒီအချိန်မှာ မှုခင်းများတိုးပွားဖြစ်ပေါ်နေမှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအဟန့်အတားဖြစ်စေပါတယ်ရှင်။ ထို့ကြောင့်

မှုခင်းကျဆင်းရေးကို နိုင်ငံတော်အစိုးရမှဦးဆောင်ပြီး ယခင်နှစ်များထက် ပိုမို၍အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံတော်ကြီး အဖက်ဖက်မှဦးမော့လာစေရန်စိတ်ဆန္ဒဖြင့် ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ခင်နှင်းသစ် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်ကတင်သွင်းသော အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတားအနှောင့်အယှက်ဖြစ်နေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

၄-၈-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၃၀ နာရီအချိန် တွင် ရပ်နားပါသည်။]

**မူကြမ်း**